# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကထည်ထောင်သည်။
Established 1914

၁၃ဝ၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၄၁)


## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူညီမှုများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ ထမံသီ ရေအား လျှပ်စစ်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ယဉ်ကျေးမှု ဖလှယ်ရေးဆိုင်ရာအစီအစဉ် စာချုပ်သုံးခုကို လက်မှတ်ရေးထိုး နိုင်ခဲ့သည်။

# နိုင်ငံတော်အကြီးအကဲ၏ အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံသဘောတူစာချုပ်လေးခု လက်မှတ်ရေးထိုးခဲ့ နှစ်နိုင်ငံသဘောတူညီမှုများ မြန်ဆန်သွက်လက်စွာအကောင်အထည်ဖော်နိုင်ရေးဆက်လက်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၉ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်ဖြို့ ကုန်းမြင့်သာရှိ ဧရာဝတီမိုဟာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

**ကျေးဇူးသို့** ■

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ စီးပွားရေးလုပ်ငန်းရှင်များ၊ဘဏ်လုပ်ငန်းရှင်များ၊ကုန်သည်ကြီးများ၊စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖွဲ့ဝင်များနှင့်တွေ့ဆုံ

## ငွေစက္ကူများနှင့်ပတ်သက်၍ဖြစ်ပေါ်သော ကောလာဟလများ၊တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်သောကိစ္စရပ်များရှင်းလင်းပြောကြား

ရန်ကုန် နိုဝင်ဘာ ၉

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်ဖြို့. ရန်ကင်းဖြို့.နယ် စက်မှုလမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ငွေစက္ကူများနှင့်ပတ်သက်၍ဖြစ်ပေါ်သော ကောလာဟလများ၊ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်သော ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

**ကျေးဇူးသို့** ●

# နိုင်ငံတော် ပွဲစဉ်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အသံ
အယ်ဒီတာ အာဟော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

# ကမ္ဘာ့ ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရန်ပြင်ဆင် ပုဒ္ဓသာသနာနိုင်ငံတကာသို့ ပြန့်ပွားအောင်ဆောင်ရွက်

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရာနိုင်ငံဖြစ်သဖြင့် ထေရဝါဒဗုဒ္ဓသာသနာ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံအတွင်း အလေးထားဆောင်ရွက်လျက်ရှိသည့် နည်းတူ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်နိုင်ငံများနှင့်လက်တွဲ၍ နိုင်ငံတကာသို့ သာသနာတော် ပြန့်ပွားစည်ပင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မကြာမီ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို မြန်မာနိုင်ငံ၌ ကျင်းပတော့မည်ဖြစ်ပြီး ဘာသာ သာသနာ၏အကျိုးကို ဗုဒ္ဓဘာသာဝင်နိုင်ငံအချင်းချင်း ပိုမို ပူးပေါင်းဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ကျင်းပခြင်းဖြင့် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် သာသနာအကျိုးကို ပိုမိုပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ကမ္ဘာ့ဗုဒ္ဓဘာသာဝင် နိုင်ငံများသည် ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးနှင့် ငြိမ်းချမ်းသောကမ္ဘာကြီးဖြစ်ရန် ရည်ရွယ်၍ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ၁၉၉၈ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၀ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၂ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ပြီး ယခု ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ဗုဒ္ဓသာသနာ ထွန်းကားရာ မြန်မာနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ အထူးပင် လျော်ကန်သင့်မြတ်လှပေသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာစရက်က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင်-

**"မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ထွန်းကားလျက်ရှိသည့် နိုင်ငံဖြစ်သည်နှင့် အညီ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြမည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များအား မြန်မာပီပီ စည်ဝတ်ကျေကျေ စေတနာထား၍ ကြိုဆိုပြုစု စောင့်ရှောက်သွားကြရန် အရေးကြီးကြောင်း၊ တိုင်းပြည်၏ ဂုဏ်သိက္ခာ၊ ဘာသာရေး၏မွန်မြတ်သောဆုံးမမှု၊ မြန်မာလူမျိုးတို့၏ စာတိမာန်တို့နှင့်အညီ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ယခုအခါ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ကျင်းပရန် မွမ်းမံခင်းကျင်းစီစဉ်ခြင်း၊ ညီလာခံအခမ်းအနားတွင် အသုံးပြုမည့် ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ယပ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ညီလာခံအထိမ်းအမှတ်ပစ္စည်းများ စီစဉ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးလျက်ရှိသည်။

ထို့အပြင် အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားထားသည့် နိုင်ငံ၄၀ကျော်မှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်များ အစစအရာရာ အဆင်ပြေစေရေး၊ ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုပြုစုစောင့်ရှောက်နိုင်ရေးနှင့် မြန်မာနိုင်ငံရှိ ဗုဒ္ဓ၏တရားဓမ္မ၊ ဗုဒ္ဓသာသနာထွန်းကားနေပုံများကို ကိုယ်စားလှယ်တော်ကြီးများမှ တစ်ဆင့် နိုင်ငံတကာသို့ ပြန့်ပွားစေရန် အလေးထား စီမံလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး နိုင်ငံတကာအဆင့်မီ ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ရေး၊ ဗုဒ္ဓသာသနာ နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရေးအတွက် တာဝန်ရှိသူ အသီးသီးက ဆောင်ရွက်ဖွယ်ရာများကို ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ညှိနှိုင်းစီမံဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## သင်္ဘောသားအကူ(ကုန်းပတ်)နှင့်သင်္ဘောသားအကူ(စက်)သင်တန်းများပွင့် ဒုတိယဝန်ကြီး ပိုလ်မှူးကြီးဥာဏ်ထွန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၉

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းပို့ဆောင်ရေး သင်္ဘောသားအကူ (ကုန်းပတ်)အခြေခံသင်တန်း (၂/၂၀၀၄)၊ သင်္ဘောသားအကူ(စက်) အခြေခံသင်တန်း (၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ဗိုလ်တထောင်ဆင်ပ်ကမ်း အမှတ်(၆) တံတားရှိ မြသီတာသက္ကဒါန်သင်တန်းကျောင်း၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင်က သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် "များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေ စိတ်ချမ်းသာဖို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်သည် လုပ်ငန်းခွင်တွင် အန္တရာယ်ကင်းရှင်းစွာ တာဝန်ကျေပွန်စွာဆောင်ရွက်နိုင် ရန်နှင့် လုပ်ကိုင်ရသည့် လုပ်ငန်းသည် စိတ်ဓာတ်ကြံ့ခိုင်ရန်၊ ကျွမ်းကျင်မှုရှိရန်အမြဲ လိုအပ်ကြောင်း၊ ဘေးအန္တရာယ်ကင်းရေး၊ ဝန်ဆောင်မှု ကောင်းစွာပေးရေး၊ ရေယာဉ်များအသွင်အပြင် ကောင်းမွန်ရေးဆိုသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ဆောင်ပုဒ် ဖြစ်သည့် အချက်(၃) ချက်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ သင်တန်းက ရရှိလာသည့် စာတွေ့ပလက်တွေ့ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင်ကျွမ်းကျင်မှုများနှင့်ပေါင်းစပ်ပြီး နိုင်ငံတော်အတွက်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက် အားထားယုံကြည်ရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်းမှာကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## မြို့ပြအင်ဂျင်နီယာ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန် စက်မှုတက္ကသိုလ် (၁၉၈၆-၉၅) မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်စက်မှုတက္ကသိုလ်ဝင်း စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ သုရေရှိ ဖုန်း- ၀၉-၅၀၀၂၉၆၇၊ စိုင်းကျော်စိန် ဖုန်း- ၆၈၄၁၀၉၊ နေအောင်ဇင် ဖုန်း-၅၅၃ ၃၇၅၊ ကျော်ကျော်ထွန်း ဖုန်း-၀၉-၈၀၃ ၀၇၉၆၊ အောင်သူရ ဖုန်း-၇၂ ၀၆ဒ၆၊ လဝင်း ဖုန်း-၀၉-၈၀၂၄၄၇၄၊ မြတ်ခိုင်ဆွေ ဖုန်း-၀၆၇-၂၂၃၃၅၊ ညီညီထွန်း ဖုန်း-၅၅ ၃ ၃ ၀ ၄ ၊ ဗိုးစိုးတင် ဖုန်း-၂၅ ၀ ၉ ၁ ၁ ၊ ၂ ၅ ၀ ၉ ၂ ၂ ၊ ခင်သီတာ ဖုန်း-၀၉-၈၀၂ ၃ ၇ ၆ နှင့် အောင်မေဦး ဖုန်း-၀၉-၅၅ ၀ ၆ ၀ ၃ ၆ ၇ ဝ ဝ ် ် ်

# အမှတ်(၁)စက်မှုဝန်ကြီးဌာနမိသားစုများ၏ ကထိန်သက်နန်းလှူဒါန်းပွဲကျင်းပ ဆရာတော်များအား ဝန်ကြီးဦးအောင်သောင်းနှင့်ဇနီး ကထိန်သက်နန်းဆက်ကပ်

ရန်ကုန် နိုဝင်ဘာ ၉

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့်ဇနီးတို့အား အမှူးထား၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ကထိန်သက်နန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ အလယ်တိုက် ကျောင်းတိုက်၌ ကျင်းပသည်။**

**ပရိတ်တရားတော်နာယူ**

ရေးဦးစွာ လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတထမ့ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များနာယူကြသည်။

ထို့နောက်ဝန်ကြီးဦးအောင်သောင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ပင့်သံဃာ ၁၅ပါးတို့အား ကထိန်သက်နန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက်ဝန်ကြီးဦးအောင်သောင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ပင့်သံဃာ ၁၅ပါးတို့အား လည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ ကျောင်း ၆၆ ကျောင်းတို့မှ သံဃာတော်အပေါ် ၆၃၀ နှင့် ကိုရင် ၁၂ပါးတို့အား လည်းကောင်း ဇနီးဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဝန်ထမ်းမိသားစု၏ ပဒေသာပင် ၂၃ပင်ကိုလည်းလှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကထိန်သက်နန်းဆက်ကပ်**

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့က အမှတ်(၁) စက်မှုနှင့်ကြီးဌာနဝန်ထမ်းမိသားစု၏ဒုတိယအကြိမ် ကထိန်သက်နန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ကထိန်သက်နန်း ဆက်ကပ်လှူဒါန်းစဉ်။ (စက်မှု-၁)**

# ဧရာပညာဒီပလိမာ သင်တန်းသား မျှားဦးလှထွန်း မေတ္တာရိပ်မှန်(ကင်ဆာ)ဖောင်ဒေးရှင်းမှ ပို့လေလာ

**ရန်ကုန် နိုဝင်ဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ် (၁) နှင့် (၂) တို့မှ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ သင်တန်းသား သင်တန်းသူ ဆရာဝန် ၄၅ဦးတို့သည် အောက်တိုဘာ ၂၇ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ ဦးလှထွန်းမေတ္တာရိပ်မှန် (ကင်ဆာ) ဖောင်ဒေးရှင်းသို့ သွားရောက် လေ့လာရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကင်ဆာအထူးကု ဆရာဝန်ကြီး ဦးမျိုးမင်းက ရှင်းလင်းဟောပြောကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)(သတင်းစဉ်)**

# မြန်နှာကမ္ဘာကျောင်းတိုက် ကထိန်လှူသက်နန်းဆက်ကပ်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၉**

တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်စည္ဆောင်လမ်းရှိ မြန်နှာ့ကမ္ဘာ့ဇကျောင်းတိုက် အတွင်း၌ ပုရိမဝါကပ်တော်မူကြကုန်သောဘဒ္ဒန္တ တိက္ခဥာဏ ရှမ်းဘုန်းဘုန်း အမှူးရှိသော သံဃာတော်များနှင့် ပင့်သံဃာ ဆရာတော်ကြီးများအား ဆရာတော်၏ တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့က စုပေါင်းမဟာဘုံကထိန်လျှာသက်နန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃ဖေဖေခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပါဝင် လှူဒါန်းလိုသော တပည့် ဒါယကာ ဒါယိကာမများနှင့် အလှူ ရှင်များ ဖုန်း-၀၉-၈၀-၂၀၅၆၊ ၅၅၉၆၁၁နှင့် ၅၄၃၃၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

# ကုလဝတီဧကျောင်း စုပေါင်းမဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ရွာလယ်ရပ်ကွက် ကုလဝတီကျောင်းတိုက်၌ (၄၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်(တနင်္ဂနွေနေ့)တွင် စပါးရိုကျေးရွာ ရဟန်းဒါယကာကြီး ဦးမိုး-(ဒေါ်အေးကျင်)မိသားစုတို့က ကြီးမှူး၍ ကျင်းပမည်ဖြစ်သည်။ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တ ဝိသုဒ္ဓ အမှူးရှိသော ပင့်သံဃာတော် ၉၀ ကျော်တို့အား ကထိန်သက်နန်း၊ ပဒေသာပင်နှင့် ဆွမ်းစသော လှူဒါန်း ဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# ကျောက်ဆည်အသင်း(ရန်ကုန်) အဆိုအက၊အရေ၊အတီးပြိုင်ပွဲဆုရသူများအားထပ်ဆင့်ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၉**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီးပြိုင်ပွဲတွင် မန္တလေးတိုင်း ကိုယ်စားပြု ကျောက်ဆည်ခရိုင်မှ ပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား ကျောက်ဆည်အသင်း(ရန်ကုန်)မှ ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက်က တာမွေမြို့နယ် မေတ္တာညွှန့်ဈေးအနီး၌ အသင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ရဲရွှေးကြီး၊ဗြိမ်း)က ဂုဏ်ပြုပွဲကျင်းပရသည့်အကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ဆုရရှိသူများအား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များချီးမြှင့်ကြပြီး အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဦးမြင့်လွင်တို့က ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

**(က-ပ)**

# ကျွန်ုပ်ခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် ပီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၉

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံ မီးနိုးမြုံ့ရွှေ့ဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် ပထမအကြိမ် နယ်စပ် ဖြတ်ကျော်သော မီးနိုးမြုံ့ရွှေ့ဆိုင်ရာ အာဆီယံသဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းစီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။**

**သဘောတူအတည်ပြု**

နယ်စပ်ဖြတ်ကျော်သော မီးနိုးမြုံ့ရွှေ့ဆိုင်ရာ အာဆီယံသဘောတူညီချက်သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၅ရက်မှ စ၍ စတင်အကျိုးသက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံတို့မှ သဘောတူ အတည်ပြုခဲ့ပြီးဖြစ်သည်။

**လျှောနည်းပယောက်စေရန်**

အဆိုပါ နယ်စပ်ဖြတ်ကျော်သော မီးနိုးမြုံ့ရွှေ့ဆိုင်ရာ အာဆီယံ သဘောတူညီချက်၏ ရည်ရွယ်ချက်မှာ မြေပြင်နှင့်တောမီးလောင်ကျွမ်းခြင်းကြောင့် ဖြစ်ပေါ်လာမည့် နယ်စပ်ဖြတ်ကျော်သော မီးနိုးမြုံ့ရွှေ့ဆိုင်ရာ ပြဿနာများကို ကြိုတင်သိရှိကာကွယ်နိုင်ရန်နှင့် စောင့်ကြပ်ကြည့်ရှုနိုင်ရန်ဖြစ်ပြီး တောမီးလောင်ကျွမ်းသည့်ကိစ္စရပ်များကို ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် လျှောနည်းပယောက်သွားစေရန်ဖြစ်သည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ တွဲဖက် အတွင်းရေးမှူး ဒေါ်ရင်ရင်လေးသည် နိုဝင်ဘာ ရက်မှ ၉ရက်အထိ ကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ မီးနိုးမြုံ့ရွှေ့ဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်မှ ဌာနခွဲမှူး ဦးအောင်အောင်လေးလည်း လိုက်ပါသွားသည်။

**(သတင်းစဉ်)**

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ကာယသုခ ၃လမ်း အမှတ် ၈၄ နေ့ ကွယ်လွန်သူ ဒေါ်သန်းမြအားရည်စားချ၍ ဦးကျော်လှိုင်၊ သမီး မရည်ရည်ခွယ်ဝင်း၊ ဃသင်နင်းအိ၊ သား မောင်ကောင်း ဝေယမင်း၊ သမီးလေး ထွန်းအိမ်ြာလင်းတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ဌေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)သို့ပေးအပ်လှူဒါန်းစဉ်။**

**(က-ပ)**

# ဗြိတိန်ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်(အဓိတ်နေ့)**

**၁၀-၁၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ အာဝီဇေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်ကန်း သာသနာပြုဆရာတော်ကြီး ဦးဥက္ကဿာဝရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ ကျန်းမာဖွံ့ အတွေကစားစို့ |
| ၇:၃၀ | ၃။ နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈:၁၀ | ၆။ အဆိုပြိုင်ပွဲ |
| ၈:၂၀ | ၇။ ပိုင်ကျူရေထိန်းတံခါး |
| ၈:၃၀ | ၈။ International News |
| ၈:၄၅ | ၉။ Let's Go. |

**ညပိုင်း**

| | |
|---|---|
| ၁၆:၀၀ | ၁။ စစ်ချီတေး၊ စစ်သည်တော |
| ၁၆:၁၅ | ၂။ ဗျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ Practice in Reading. |
| ၁၆:၄၅ | ၄။ တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ အရေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်တန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၇:၁၅ | ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇:၃၀ | ၇။ ဂီတမဟာပျော်စရာ |
| ၁၇:၅၀ | ၈။ တေးသရုပ်ဖော်အစီအစဉ် |
| ၁၈:၀၀ | ၉။ ရှဒ္ဓယ်နလင် အာဆီယံအစီအစဉ် |
| ၁၈:၁၀ | ၁၀။ Discovery. |
| ၁၈:၂၀ | ၁၁။ တေးဂီတအစီအစဉ် |
| ၁၈:၃၀ | ၁၂။ ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၃။ မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၄။ **"မေမှေအမှာ"** (မြတ်ကေသီ အောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ အိမ်ခိုကြာဖြူ) (ဒါရိုက်တာ-ကြည်မိုး) |
| ၁၉:၂၀ | ၁၅။ ကြိုနိုင်ကျန်းမာ ပြည်မြန်မာ |
| ၁၉:၃၅ | ၁၆။ တေးဂီတအစီအစဉ် |
| ၂၀:၀၀ | ၁၇။ ပြည်ထောင်သတင်း |
| | ၁၈။ နိုင်ငံတကာသတင်းများ |
| | ၁၉။ မိုးလေဝသအခြေအနေ |
| | ၂၀။ **"မိုးယဉ်သို့လွင်ပျံစေမည် ကေသရာစာတို့၏အားမာန်"** (အပိုင်း-၁) (ညွှန်ပင်း၊ ရန်အောင်၊ ကျော်ရဲ အောင်၊ လွင်မိုး၊ ရီစဝယ်၊ ခင်သန်းနု၊ မေသန်းနု၊ စိုးမြတ် သူဇာ၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ ရတနာခင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်) |

# စက်ရေတွင်းလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၉**

ရတနာပေါနှင်းရုပ်စုံမဂ္ဂဇင်း(၁၀) နှစ်မြောက် အထိမ်းအမှတ်အဖြစ် စာရေးဆရာ မောင်ခေတ်ထွန်းနှင့်ဒေါ်မြင့်မြင့်ရီ မိသားစုက ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျပ်နှစ်သိန်း၀ါးသောင်းတန်ဖိုးရှိပစ္စည်းစုံစက်ရေတွင်းတစ်တွင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးပညာရှင်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနသို့ နိုဝင်ဘာ၄ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(က-ပ)**

# လော်ကားဥယျာဉ် ဒီပါ၀လီနေ့ ဖွင့်ထားမည်

**ရန်ကုန် နိုဝင်ဘာ ၉**

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နိုဝင်ဘာ၁၂ရက် (သောကြာနေ့) ဒီပါ၀လီနေ့တွင် ပြည်သူများ ဝေါ့ရှင်ဈာ အယန်းဖြေအနားယူနိုင်ရန် အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာများ စက်မှုခေါင်းဆောင်များ သုံးသပ်ပြောကြား

နယူးဒေလီ နိုဝင်ဘာ ၈

**အိန္ဒိယနိုင်ငံ၏နည်းပညာကြွယ်ဝမှုသည် ဖွံ့ဖြိုးတိုးတက်ရေး ထိန်းထားရန်အတွက် အတုမရှိသော စွမ်းအား တစ်ရပ်ကို ပေးစွမ်းလိမ့်မည်ဖြစ်ကြောင်း အိန္ဒိယစက်မှုခေါင်းဆောင်များ၌ စနေနေ့က ပြောကြားလိုက်သည်။**

ရာစုနှစ်သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ရာတွင် တိုးတက်မှုသည် ချမ်းသာကြွယ်ဝသော နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးမှုစနစ်ဟောင်းကို ဖျက်သိမ်းရန် အခွင့်အလမ်းတစ်ရပ်ကမ်းလှမ်းစေခဲ့ကြောင်း စက်မှုလုပ်ငန်းများဥက္ကဋ္ဌ မူကက်ရ်အမ်ဘာနီက ပြောကြားသည်။

နည်းပညာသည်စက်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ရာတွင် စွမ်းဆောင်ပေးနိုင်ကြောင်း၊ အရည်အသွေးနှင့် အရင်းအနှီးသည် ယနေ့ ကုန်သွယ်မှု ကမ္ဘာတွင် လွတ်လပ်သော ကုန်သွယ်မှုကို ဖြစ်စေကြောင်း၊ ယင်း ကမ်းလှမ်းလာမှု အခွင့်အလမ်းတစ်ရပ်သည် အိန္ဒိယကို ဒေါ်လာဘီလီယံ ၅၀၀ရှိသော စီးပွားရေးမှ ၁၊၀ဝရီလီယံ ဒေါ်လာစီးပွားရေးကို ဖြစ်စေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**မျက်နှာသာပေး**

လက်ရှိအခြေအနေတွင် အရာရာတိုင်းသည် မိမိတို့ကို မျက်နှာသာပေးနေကြောင်း၊ မိမိတို့သည် လာမည့်နေ့ဟက်အဆင့်ကို လုပ်ဆောင်နိုင်လျှင် ဖွံ့ဖြိုး တိုးတက်မှု ရရှိစေမည်ဖြစ်ကြောင်း အင်ဖောစီနည်းပညာများ စီးအီးအိုနန်ဒန်က ပြောကြားသည်။

လာမည့် အနှစ်နှစ်ဆယ်တွင် အိန္ဒိယလူဦးရေကို အယူအဆနှင့် တန်ဖိုးအသစ် မျိုးဆက်သစ်များက ဝန်းရံလျက်စီးပွားရေးတိုးတက်စေလိမ့်မည်ဖြစ်ကြောင်း အမ်ဘာနီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## စီးပွားပြစ်ထုတ်လုပ်

**ဗီယက်နမ်နိုင်ငံ ဟန်ချင်းမြို့ရှိ မြိတ္တက် ပစ္စည်းအရောင်းဆိုင်၌ အသင့် စားသောက်နိုင်သော ဒိန်ချဉ်ဘူးများ ရောင်းချလျက်ရှိသည့်ကို နိုဝင်ဘာ ၈ရက်က တွေ့ရစ်။**

(ဗီယက်နမ်နိုင်ငံသည် နို့နှင့် အသားထုတ်ကုန်များ စီးပွားဖြစ်ထုတ်လုပ်လျက် ရှိသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# ကမ္ဘောဒီးယား လူဦးရေတိုးတက်မှုနှုန်းကျဆင်းလာ

ဖနောင်ပင် နိုဝင်ဘာ ၈

**ကမ္ဘောဒီးယားနိုင်ငံ၏လူဦးရေတိုးတက်မှုနှုန်းသည် ၁၉၉၈ခုနှစ်ကတည်းက သုံးပုံတစ်ပုံနီးပါးမျှကျဆင်းသွားခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက သောကြာနေ့၌ ဖော်ပြသည်။**

ကြာသပတေးနေ့တွင် ကမ္ဘောဒီးယားအစိုးရက လေ့လာထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ၁၉၉၈ ခုနှစ်ကတည်းက ၁ဒသမ ၈ရာခိုင်နှုန်း နှစ်စဉ်တိုးတက်ခဲ့ရာ ၂၀၀၄ခုနှစ်တွင် စုစုပေါင်းလူဦးရေ ၁၃ သောင်းခန့်ရှိလာသည်။ ၁၉၉၈ ခုနှစ်က လူဦးရေ ၁၁သောင်းခန့် ရှိသည်။ ထိုကာလက လူဦးရေ တိုးတက်မှုနှုန်းသည် နှစ်စဉ် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။

လောလောဆယ် လူဦးရေတိုးတက်မှုနှုန်း ကျဆင်းခြင်းသည် သားဆက်ခြားခြင်းနှင့် ပျော်ရွှင်သော မိသားစုငယ်များကြောင့်ဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဌာန ဒုတိယအတွင်းရေးမှူး ချုပ် ဟန်လီနာ၏ ပြောကြားချက်ကို ကမ္ဘော ဒီးယားနေ့စဉ်သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

**ကောက်ယူ**

ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏အမျိုးသားသန်းခေါင်စာရင်းကို ၁۹۹၈ ခုနှစ်ကကောက်ယူခဲ့သည်။ ၁۹۹၂ ခုနှစ်က ပထမဆုံးအကြိမ် အဖြစ် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။

ကလေးနည်းပါးသော စုတွဲများ များပြားလာခြင်းသည်လူဦးရေ တိုးတက်မှုနှုန်းကျဆင်းခြင်း၏အကြောင်း တရားဖြစ်ကြောင်း တာဝန်ရှိသူအချို့က ပြောကြားသည်။ လူဦးရေ၏ ၅၀ရာခိုင်နှုန်းသည်အသက် (၁၅)နှစ်မှ (၄၉)နှစ်အတွင်းရှိကြကြောင်း၊ (၁၅)နှစ်အောက် လူဦးရေသည် ၃၈ ဒသမ ၈ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံတကာအားကစားနှင့် ကာယပညာနှစ် ကုလ ထုတ်ပြန်ကြေညာ

ကုလသမဂ္ဂ နိုဝင်ဘာ ၈

**ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပေါက်မြောက်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရာ၌ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဖြင့်တင်ရန် အားကစားနှင့် ကာယပညာသည် အခြေခံအကျဆုံးဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က နိုင်ငံတကာအားကစားနှင့် ကာယပညာနှစ် စတင်ဖွင့်လှစ်သော အခမ်းအနားတွင် ပြောကြားသည်။**

အားကစားဟူသည် တစ်ကမ္ဘာလုံးက နားလည်သည့် ဘာသာစကားတစ်မျိုးဟုတင်စားခေါ်ဝေါ်နိုင်ကြောင်း အာနန်က နယူးယောက်တွင် ကျင်းပသည့် သတင်းစာရင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ အားကစားသည် ပြည်သူ့လူထုပေါင်းစည်းမှု ဖြစ်စေနိုင်သော အခြေခံအရာဖြစ်ကြောင်း၊ ဘာသာမတူကွဲပြားခြားနားမှုရှိသူများ၊ အယူဝါဒရေးရာအရကွဲပြားမှုရှိသူများ၊ စီးပွားရေးအဆင့်အတန်းအရ မတူညီမှုများ ရှိနေကြလင့်ကစား အားကစားဖြင့် လူအများကို ပေါင်းစည်းနိုင်ကြောင်း အာနန်က ပြောကြားသည်။

အားကစားပညာရပ်များတွင် လူငယ်လူရွယ်များ ပါဝင်စေခြင်း၊ ကာယပညာရေး လိုက်စားနိုင်စေရန် အခွင့်အလမ်းပေးခြင်းဖြင့် ယင်းလူငယ်၊ လူရွယ်များ အတွေ့အကြုံ တိုးပွားလာနိုင်ပြီး အသင်းအဖွဲ့အလိုက် ဆောင်ရွက်တတ်မှုနှင့် စိတ်ရှည်သည်းခံမှုတို့ ဖြစ်လာမည် ဖြစ်ကြောင်း အာနန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အနောက်ဘက် ၁၂မိုင်အကွာ ကမ္ဘောဒီးယား လက်နက်ကိုင် တပ်ဖွဲ့ဌာနချုပ်၌ ကမ္ဘောဒီးယားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် လေထီးတပ်ဖွဲ့ဝင်များ၏ သရုပ်ပြသမှုကို နိုဝင်ဘာ ၈ရက်က တွေ့ရစ်။

(ဓာတ်ပုံ-အင်တာနက်)

## ကမ္ဘာ့အရှည်ဆုံးပန်းချီကား တရုတ်ပန်းချီဘဂများ ရေးဆွဲ

ဟိုးဟော့ နိုဝင်ဘာ ၈

**တရုတ်ပန်းချီဆရာ တစ်ဒါဇင်ခန့်သည် ၂၀မီတာရှည်လျားသည့် ဆီဆေးပန်းချီကားတစ်ချပ်ကို စတင်ရေးဆွဲလျက်ရှိကြပြီး ယင်းပန်းချီကားသည် ကမ္ဘာပေါ်တွင် အရှည်ဆုံးပန်းချီကားဖြစ်မည်ဟု ယုံကြည်ထားကြသည်။ ယင်းပန်းချီကားတွင် မွန်ဂိုးလီးယားပြည်သူများ၏ သမိုင်းစဉ်အားလုံးကို သရုပ်ဖော်ရေးဆွဲကြမည်ဖြစ်သည်။**

အဆိုပါ ပန်းချီကားသည် နှစ်ပေါင်း ၂၀၆နှစ်အချိန်ကာလ သမိုင်းဖြစ်စဉ်ကို သရုပ်ဖော်ပြီး ရေးဟောင်း မွန်ဂိုးလီးယားနိုင်ငံကို ထူထောင်ခဲ့သည့် ဂျင်ဂျစ်ခန်မွေးဖွားခဲ့သည်မှ ၎င်း၏မြေးဖြစ်သူ ကူဘလေခန် ထူထောင်ခဲ့သည့် ယွန်မင်းဆက် (၁၂၇၁-၁၃၆၈)ကျဆုံးသည်အထိ သရုပ်ဖော်ရေးဆွဲကြမည်ဖြစ်သည်။

ပန်းချီကားကို အပြည့်အစုံရေးဆွဲပြီးပါက စံချိန်တင် ဂျီးနက်စ် စာအုပ်တွင် စာရင်းဝင်ရေးအတွက် ပန်းချီဆရာများက လျှောက်လွှာတင်ကြမည်ဖြစ်ကြောင်း၊ ပန်းချီကားရေးဆွဲသည့် အကြီးအကဝဝမ်ယန်ကျင်က ပြောသည်။

ပန်းချီကားတွင် အပိုင်းသုံးပိုင်းပါရှိမည်ဖြစ်ရာ ပထမပိုင်းတွင် ဂျင်ဂျစ်ခန်၏ ဘဝကို သရုပ်ဖော်ရေးဆွဲမည်ဖြစ်သည်။ ဒုတိယပိုင်းမှာ ဂျင်ဂျစ်ခန်သေဆုံးပြီးနောက် သမိုင်းနှင့် ယွန်မင်းဆက်ထူထောင်သည်ကို သရုပ်ဖော်ရေးဆွဲမည်ဖြစ်သည်။ တတိယပိုင်းမှာ ယွန်မင်းဆက်တန်ဆိုးထွားချိန်နှင့် ကျဆုံးချိန်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဘီဘီထိုးဆေး အသစ်တစ်မျိုး ဩစတြေးလျှပညာရှင်များ စမ်းသပ်တီထွင်

**ကင်ဘာရာ နိုဝင်ဘာ ၈**

ဩစတြေးလျှသိပ္ပံပညာရှင်များသည် တီဘီရောဂါပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် တီဘီရောဂါ ထိုးဆေးတစ်မျိုးကို တီထွင်လျက်ရှိသည်။

ဆစ်ဒနီရှိ တော်ဝင်မင်းသားအယ်ဖရက်ဆေးရုံမှ သုတေသနပညာရှင်များသည် အဆိုပါဆေးကိုတီထွင်ထုတ်လုပ်ခဲ့ပြီး လက်ရှိ ကုသနေသောဆေးထက် ပိုမို အစွမ်းထက်ကြောင်း ၎င်းတို့က ပြောကြားသည်။

လက်ရှိတီဘီထိုးဆေးကို ဘီစီဂျီဟု လူသိများသည်။ ယင်းဆေးသည် တီဘီရောဂါဖြစ်ပွားမှုနှုန်းများသည့် နိုင်ငံများ၌ မွေးကင်းစ ကလေးငယ်များအတွက်ဖြစ်သည်။ သို့ရာတွင် ယင်းဆေးသည် လူနှစ်ဘီလီယံကျော်ကို ရောဂါဖြစ်ပွားခြင်းမှ ရပ်တန့်အောင် မမှီမိနိုင်ချေ။

ဗြိတိန်နိုင်ငံသားများ ဦးဆောင်သော အဆိုပါ သုတေသနသိပ္ပံပညာရှင်များသည် ထိုးဆေးအသစ်ကို လာမည့်အနှစ် (၂၀)တွင် အသုံးပြု နိုင်မည်ဟု မျှော်လင့်ထားကြသည်။

ယင်းထိုးဆေးအသစ်ကို ငါးနှစ် အတွင်းလူအား စမ်းသပ်ရန် ရည်ရွယ်၍ အမေရိကန်ပြည်ထောင်စုသို့ပူးသတ္တပါများကို စမ်းသပ်ထိုးရန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## တရုတ်တက္ကသိုလ်နှင့် မလေးရှားတက္ကသိုလ် နားလည်မှုစာချုပ် လက်မှတ်ရေးထိုး

ကွာလာလမ်ပူ နိုဝင်ဘာ ၇

**တရုတ်ဆာမင်တက္ကသိုလ်နှင့် မလေးရှားတက္ကသိုလ်(ယူအမ်)တို့သည် သုတေသန ပူးတွဲဆောင်ရွက်ရန်နှင့် ကျောင်းသားများနှင့် ဝန်ထမ်းများ ဖလှယ်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို သောကြာနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။**

အဆိုပါစာချုပ်ကို ဆာမင်တက္ကသိုလ်ဥက္ကဋ္ဌ ပါမောက္ခဒုရွှန်ရှိနှင့် ယူအမ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဟာရှင်ယာကွဝ်တို့က လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ စာချွန်လွှာ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ မလေးရှားအဆင့်မြင့်ပညာရေးဝန်ကြီးဒေါက်တာရာဇီဆာလာ တက်ရောက်ခဲ့သည်။

ယူအမ်ဝန်ထမ်းများသည် ဆာမင်တက္ကသိုလ်၌ သုတေသန၊ သို့မဟုတ် သင်ကြားမှုများကို လေ့လာရန်အတွက် ၎င်းတို့၏ ခွင့်ကာလကို အကျိုးရှိရှိ အသုံးချနိုင်ကြောင်း စာချုပ်ချုပ်ဆိုပွဲအခမ်းအနားပြီးဆုံးပြီးနောက် ဟာရှင်က ပြောသည်။

**စာရင်းပေး**

ဆာမင်တက္ကသိုလ်တွင် တရုတ်တိုင်းရင်းဆေး အပ်စိုက်ကုထုံးနှင့် တရုတ်ဘာသာ စကားကဲ့သို့ အစီအစဉ်များတွင် မလေးရှားမှ ရေရှည်သင်ကြားသူ ကျောင်းသား ၁၀၁၅ဦးမှာ ၁۹۹۶ ပြည့်နှစ်ကစပြီး စာရင်းပေးသင်ကြားခဲ့ကြောင်း ပါမောက္ခဒုက ပြောသည်။

မလေးရှား နိုင်ငံအတွင်းရှိ ပုဂ္ဂလိကကောလိပ်များနှင့် အခြားတက္ကသိုလ်များကဲ့သို့ ယူအမ်တွင် လေ့လာဆည်းပူးကြသော တရုတ်ပြည်မှ ကျောင်းသားများ ပိုမိုရောက်ရှိရန် မျှော်လင့်ကြောင်း ရှာဖီကပြောသည်။

၁۹၂၁ ခုနှစ်ကတည်းထောင်ခဲ့သော ဆာမင်တက္ကသိုလ်သည် တရုတ်ပြည်ရှိ တက္ကသိုလ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အရှေ့တောင်အာရှ လေ့လာရေးဘာသာရပ်များကို ပို့ချလျက် ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဖော်လူဂျာမြို့အား ကန်တိုအကြီးအကျယ် တိုက်ခိုက်မှု ကိုဖီအာနန် အပြင်းအထန် ကန့်ကွက်

ကုလသမဂ္ဂ နိုဝင်ဘာ ၉

**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက အကြီးအကျယ်တိုက်ခိုက်ခြင်းကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်လိုက်ပြီး ယင်းသို့ တိုက်ခိုက်ခြင်းသည် အီရတ်ပြည်သူများ ပို၍ကဲပြားသွားပြီး အီရတ်၌ စန်နဝါရီလတွင်ကျင်းပမည့် ရွေးကောက်ပွဲကို ထိခိုက်စေမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။**

အခြေအနေကို ကျော်လွှားနိုင်ရန် အတွက် ဆွေးနွေးရန်၊ အချိန်ပိုပေးရန် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များကို တိုက်တွန်းလိုက်ပြီး ထိုသို့ အကြီးအကျယ် တိုက်ခိုက်ခြင်းသည် မဲပေးရန်အတွက် အီရတ်လူမျိုးများအား စိတ်ဓာတ်ကျစေမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

**လိုအပ်**

ထို့ပြင် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် စီစဉ်ရာတွင် ကုလသမဂ္ဂအနေဖြင့် အကူအညီပေးလိုကြောင်း၊ သို့ရာတွင် အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်တစ်ရပ် လိုအပ်မည်ဖြစ်ကြောင်း ကိုဖီအာနန်က အလေးအနက် ထုတ်ဖော်ပြောကြားသည်။

အင်အား အသုံးပြုခြင်းသည် ဆက်လက်၍ စစ်ရေးအရ ကျူးကျော်ထားသည်ဆိုသော သဘောထားအမြင်ကို အားဖြည့်ပေးရာရောက်ပြီး အီရတ်တို့ကို စိမ်းကားစေမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

**ခြင်းဆို**

ကိုဖီအာနန်က အီရတ်စစ်ပွဲသည် တရားဥပဒေနှင့် ဆန့်ကျင်သည့် စစ်ပွဲဖြစ်ကြောင်း မကြာမီက ပြောကြားခဲ့ပြီး အောက်တိုဘာ ၃၁ရက်နေ့စွဲဖြင့် အမေရိကန်၊ ဗြိတိန်နှင့် အီရတ်ခေါင်းဆောင်များထံ ပေးပို့ခဲ့သော ၎င်း၏ သတိပေးစာနှင့်ပတ်သက်၍ အသေးစိတ်ပြောဆိုရန် ငြင်းဆိုခဲ့သည်။

သို့ရာတွင် သံတမန်များနှင့် တာဝန်ရှိသူများက ဖော်လူဂျာမြို့နှင့် ပြောက်ကျားတို့၏ အခြားအခိုင်အမာ ဒေသများကို အကြီးအကျယ်တိုက်ခိုက်ခြင်းသည် ရွေးကောက်ပွဲကို သပ်တမ်းမှောက်မှုဖြစ်စေပြီး နိုင်ငံ၏တည်ငြိမ်မှုပျက်စီးမည်ကို စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ **အမ်အင်အေပီတိအိုင်**

**ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့အား ဖမ်းဆီးထားသည်ကို နိုဝင်ဘာ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# နိုဝင်ဘာ ဂရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၃၃ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၉

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။**

**တိုက်ပွဲ၌သေဆုံး**

နိုဝင်ဘာ ၈ရက် တနလာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၃၃ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၇၁ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထိုအပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနှစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရင်က ၂၀၀၃ ခုနှစ်မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၉၅ဦးဖြစ်ပြီး ယင်းအနက် ၇၆၂ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# ပျက်စီး

**မိုဆူးလ်မြို့တွင် ကားပုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များကို နိုဝင်ဘာ၈ ရက်က တွေ့ရစဉ်။**

(ဓါတ်ပုံ-အင်တာနက်)

# အရေးပေါ်အခြေအနေ အီရတ်အစိုးရကြေညာပြီးမကြာမီ

## ဖော်လူဂျာမြို့ အနောက်ပိုင်းဒေသများကို ကန်တပ်ဖွဲ့ဝင်များ စတင်တိုက်ခိုက်

ဖော်လူဂျာ နိုဝင်ဘာ ၉

**အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့၏ အနောက်ပိုင်းကို တနလာနေ့အစောပိုင်းက အတင်းဝင်ရောက်စီးနင်းတိုက်ခိုက်ကာ မြို့၏အဓိက ဆေးရုံနှင့် ယူဖရိတ်မြစ်ပေါ်ရှိ တံတားနှစ်ခုကို သိမ်းယူခဲ့ရာ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ အနိုင်အမာပြုထားရာ ဖော်လူဂျာမြို့အား တိုက်ခိုက်သည့် ပထမအဆင့်ဖြစ်ပုံရကြောင်း အေပီက ယနေ့သတင်းဖော်ပြခဲ့သည်။**

အမေရိကန်တပ်ဖွဲ့ဝင်များသည် မြစ်၏အရှေ့ဘက်ကမ်းရှိ မြို့၏ အဓိကကျသော နေရာများကို ဝင်ရောက်ရန်ကြိုးပမ်းခဲ့ရာတွင် ဂျီလန်အရပ်ခံ ပြောက်ကျားတို့က အပြင်းထန်ဆုံး ခုခံတိုက်ခိုက်ခဲ့ကြသည်။

**စတင်တိုက်ခိုက်**

အီရတ်ပြောက်ကျားများက တိုက်ခိုက်မှုအရှိန် မြင့်လာချိန်တွင် အီရတ်အစိုးရက ရက်ဝေ အရေးပေါ်အုပ်ချုပ်မှုကို ကြေညာခဲ့ပြီးနောက် နာဇီပိုင်းအကြာ၌ ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက စတင်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

အမေရိကန်တပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့၏အနောက်ပိုင်းကို ပိတ်ဆို့ထားလိုက်ပြီးနောက် ဖော်လူဂျာမြို့၏ အဓိကဆေးရုံ၌ အီရတ်တပ်ဖွဲ့ဝင်သုံးလေးရာခန့်က နေရာယူခဲ့ကြသည်။ တပ်ဖွဲ့ဝင်များက ဆေးရုံရှိ လူ၅၀ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သော်လည်း ထက်ဝက်ခန့်ကို နောက်ပိုင်း၌ ပြန်လွှတ်ပေးခဲ့သည်။

**ပစ်ခတ်**

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့ အနောက်ပိုင်းကိုစီးနင်း တိုက်ခိုက်ရာတွင် အေစီ-၁၃၀တိုက်ခိုက်ရေး ရဟတ်ယာဉ်များက ကောင်းကင်မှပစ်ခတ်ခဲ့ကြပြီး အမြောက်တပ်ဖွဲ့ဝင်များကလည်း မြေပြင်မှ ပစ်ခတ်ခဲ့ကြသည်။ **အမ်အင်အေ၊အေပီ**

# အီရတ်လုံခြုံရေး အခြေအနေ တူရကီဝန်ကြီးချုပ် ခိုးရိမ်

**အန်ကာရာ နိုဝင်ဘာ ၉**

အီရတ်တွင် ဖြစ်ပေါ်နေသော လုံခြုံရေး ပိုမိုဆိုးရွားမှု အခြေအနေ အပေါ် စိုးရိမ်မှုပန်ကြောင်း တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်က တနလာနေ့တွင် သမ္မတဘုရင်ဖွင့် တယ်လီဗုန်းဖြင့် ပြောကြားစဉ် ထုတ်ဖော်ပြောကြားလိုက်သည်။

**စိတ်မသက်မသာ**

နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အဓိကကျသော အပေါင်းပါနိုင်ငံ ဖြစ်သော်လည်း အီရတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော အကြမ်းဖက်မှု၊ ဓတည်ငြိမ်မှုတို့နှင့် ပတ်သက်ပြီး အလွန်အမင်း စိတ်မသက်မသာဖြစ်ခဲ့ရသည်။

နိုင်ငံရေးလုပ်ငန်းစဉ်တွင် အီရတ်ရှိအုပ်စုများ အားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် အီရတ်၏ ထွက်ပေါ်လာသော အနာဂတ် အခြေအနေတွင် တည်ငြိမ်မှုရရှိရေးသည် မိမိတို့၏ ရိုးသားသော စေတနာဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။ အီရတ်နိုင်ငံ၌ သေဆုံးရသော တူရကီနိုင်ငံသား ၆၀မျှရှိကြောင်း၊ ယခုသီတင်းပတ်ကုန်၌ သုံးဦးသေဆုံးခဲ့ကြောင်း ဘုရှ် သမ္မတအဖြစ် ပြန်အရွေးခံရပြီးနောက် ပထမဆုံး အကြိမ် မိန့်ခွန်းပြောကြားရာတွင် အာဒိုဂန်က ပြောကြားသည်။ **(အင်တာနက်)**

# ဆာမာရာ၌ ကားပုံးခွဲမှုများနှင့် ကန်ယာဉ်တန်းအားတိုက်ခိုက်မှု

## မိမိတို့လက်ချက်ဖြစ်ကြောင်း ဇာကာဝီအုပ်စုပြောကြား

**ဘဂ္ဂဒက် နိုဝင်ဘာ ၈**

ဆာ မာ ရာ မြို့၌ ယမန်နေ့က ကားပုံးပေါက်ကွဲမှုနှင့် ပဋိပက္ခများကြောင့် အီရတ် ၃၃ဦး သေဆုံးခဲ့ပြီး အမေရိကန်တို့က မြို့အတွင်းအတွက် လမ်းများကို ပိတ်ဆို့ထားသည်။

**ပိတ်မိ**

တိုက်ပွဲများကြားအရပ်သားများ ပိတ်မိနေပြီး အချို့ကလည်း တိုက်ခိုက်မှုများကြောင့် အိမ်ပြင်း၌ ပုန်းအောင်းနေရသည်။ ဆာမာရာ၌ ဖြစ်ပွားသော ကားပုံးဖောက်ခွဲမှု လေးကြိမ်နှင့် အမေရိကန်ယာဉ်တန်းအား တိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက် ဖြစ်ကြောင်း ဇာကာဝီအုပ်စုက အင်တာနက်၌ ဖော်ပြခဲ့သည်။

**အသတ်ခံရ**

ယမန်နေ့က ရာမာဒီမြို့ပြင် အီရတ်ရဲတပ်ဖွဲ့ဝင် ၂ဦး အသတ်ခံခဲ့ရကြောင်းလည်း သိရသည်။

**ကြေညာ**

ယခုထိ နိုင်ငံအတွင်း အခြေအနေများ ယိုယွင်းပျက်ပြားလာ၍ အီရတ်ကြားဖြတ်အစိုးရဝန်ကြီးချုပ်က နိုင်ငံအတွင်း အရေးပေါ်အခြေအနေကို နှစ်လကြာထားရှိရန် ကြေညာခဲ့ကြောင်း သိရသည်။ **(စီအက်မ်အိုင်)**

# ဘဂ္ဂဒက်အနီး စခ်အခြေခိုက်ခံခန်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရှိ

**လန်ဒန် နိုဝင်ဘာ ၉**

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် တပ်ဖြန့်ချထားသော ဗြိတိသျှတပ်ဖွဲ့ဝင်များသည် မကြာမီသီတင်းပတ်က ဘဂ္ဂဒက် တောင်ဘက်သို့ တပ်ဖွဲ့ဝင်အချို့ကို ရွှေ့ပြောင်း နေရာချထားခဲ့ရာမှ တနင်္ဂနွေနေ့က ဗြိတိသျှ တပ်ဖွဲ့ဝင်နှစ်ဦး ၎င်းတို့၏စစ်အခြေခိုက်စခန်းတွင် ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဒဏ်ရာရ**

တနင်္ဂနွေ နံနက်၉း၂၂နာရီ အချိန်က အဆိုပါစခန်း၌ ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး မတော်တဆဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ဗြိတိသျှ ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရသူ တစ်ဦးက ပြောကြားသည်။ ထိခိုက်ဒဏ်ရာရှိခဲ့သော ယင်းဗြိတိသျှ တပ်ဖွဲ့ဝင်နှစ်ဦးကို အီရတ်ရှိ အမေရိကန်စစ်ဘက် ဆေးရုံတစ်ခုသို့ တင်ပို့ဆေးကုသမှု ခံထားကြောင်းလည်း ၎င်းကပြောကြားသည်။

**မပြောကြား**

ဘဂ္ဂဒက်အနီး ဒေါ့ဝုခ်စခန်း၌ ဖြစ်ပွားသော အဆိုပါ မတော်တဆဖြစ်ရပ်နှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များနှင့် အခြား ဗြိတိသျှတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှု ရှိ၊ မရှိကို ဗြိတိသျှစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက မပြောကြားပေ။

ခုခံတိုက်ခိုက်မှုများ ပြင်းထန်နေသော ဖော်လူဂျာမြို့၊ ဝန်းကျင်ဒေသကို အမေရိကန်တပ်ဖွဲ့ဝင်များက ပိုမိုစစ်ဆင်ရေး ဆောင်ရွက်နိုင်ရန်အတွက် ဗြိတိသျှတပ်ဖွဲ့ဝင် ၈၅၀ကို ဘဂ္ဂဒက်အနီး ဒေါ့ဝုခ်စခန်းသို့ ယခုလ အစောပိုင်းက ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

**အမ်အင်အေရိုက်တာ**

## တိုက်ပွဲဖြစ်ပွား

**ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားနေသော အီရတ်ပြောက်ကျားများကို နိုဝင်ဘာ ၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဩစတြေးလျ ကင်းလှည့်တပ်ဖွဲ့ပစ်ခတ် အီရတ်အရပ်သားတစ်ဦး ဒဏ်ရာရ

ကင်ဘာရာ နိုဝင်ဘာ ၈

**ကားရပ်နိုင်းသည်ကို မရပ်သဖြင့် ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသော ဩစတြေးလျ တပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြောင့် အီရတ်အရပ်သား တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားခေါင်နာက တနင်္ဂနွေနေ့၌ ပြောကြားသည်။**

အဖြစ်အပျက်ကို ကာကွယ်ရေးဌာနက စုံစမ်းနေပြီး သောကြာနေ့ညနေ ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဒေါင်နာက အတည်ပြုပြောကြားသည်။

ဒဏ်ရာရရှိသွားသော အီရတ်လူမျိုးအား အခြားအီရတ်တို့က ဓေါ်ဆောင်သွားကြောင်းနှင့် ၎င်း၏အခြေအနေကို မသိရကြောင်းလည်း ဒေါင်နာက ပြောကြားသည်။ဩစတြေးလျနိုင်ငံသည် အီရတ်သို့တပ်ဖွဲ့ဝင် ၂၀၀စေလွှတ်ခဲ့ပြီး အီရတ်နိုင်ငံအနှံ့၌ ယခုအခါ တပ်ဖွဲ့ဝင် ၉၀၀ကျော် ရှိနေသည်။

**အမ်အင်အေအေပီ**

# ဖော်လူဂျာမြို့အား ကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက် အမျိုးသမီးနှင့်ကလေးငယ်များ မြို့ကိုစွန့်ခွာထွက်ပြေးကြရ

ဖော်လူဂျာ နိုဝင်ဘာ ၉

**အီရတ် ခုခံတိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသော ဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်နိုင်ရန် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်တိုက်ခိုက်ပြုလုပ်နေသည့်အတွက် မြို့တွင်းဒေသခံ အမျိုးသမီးများနှင့် ကလေးငယ်များ ဖော်လူဂျာမြို့ကို စွန့်ခွာထွက်ပြေးနေကြရကြောင်း သိရှိရသည်။**

အီရတ် စစ်ပွဲနောက်ပိုင်း အပြင်ထန်ဆုံး စစ်ဆင်ရေးတစ်ရပ်အဖြစ် ဖော်လူဂျာမြို့ကို တိုက်ခိုက်သွားရန် အမေရိကန်တို့က ဒြိမ်းခြောက်ခဲ့ပြီး ၎င်းတို့ကိုပွဲ မတိုင်မီမှာပင် မြို့တွင်းခုခံတိုက်ခိုက်ရေးသမားများ၏ နေရာများဟု သံသယရှိရာ နေရာများကို ဆက်လက်တိုက်ခိုက်လျက်ရှိကြောင်း သိရှိရသည်။

**စောင့်ဆိုင်း**

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ၊ ကြည်းတပ်ဖွဲ့ဝင်များနှင့် အခြားတပ်ဖွဲ့ဝင်များ အားလုံးပေါင်းပြီး ဖော်လူဂျာမြို့အနီးရှိ အယ်အမ်ဘာဒေသတွင် စခန်းချအသင့်ပြင် လျက်ရှိနေကြပြီး ၎င်းတို့ထဲတွင် အီရတ်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ အပါအဝင် တပ်ဖွဲ့ဝင် တစ်သောင်းကျော် ရှိနေကာ တိုက်ခိုက်ရန် အသင့်စောင့်ဆိုင်းလျက်ရှိနေကြသည်။

**ဖယ်ရှားနိုင်**

စစ္စစ်ညီနှိုင်းမှုကို တောင်းဆိုသူ အများအပြားလည်း ယခုတိုင်ရှိနေပြီးစစ္စစ်ညီနှိုင်းမှုဖြင့် တိုက်ခိုက်မှုများကို ဖယ်ရှားသွားနိုင်သည်ဟု ယုံကြည်သူများလည်းယခုတိုင်ရှိနေကြောင်းသိရှိရသည်။ သို့ရာတွင်အီရတ် တာဝန်ရှိသူများက ခုခံတိုက်ခိုက်ရေး သမားများနှင့် အလျှောပေးညှိနှိုင်းရမည် အချိန်ကုန်လွန်ခဲ့ပြီဖြစ်ပြီး တိုက်ခိုက်မှုနှင့်ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ အမေရိကန် တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည် ညများက ဖော်လူဂျာမြို့တွင်းသို့ ပေါင်၅၀၀ဝဲမုံ်များနှင့် အခြားဗုံးများကိုလေကြောင်းမှ ကြဲချခဲ့သည်နည်းတူ မြေပြင်မှလည်း ပြင်းထန်သော အမြောက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိသည်။ ဖော်လူဂျာမြို့အနီးရှိ ၎င်းတို့၏ အခြေစိုက်စခန်း၌ ပင်လျှင် အမြောက်များနှင့် တန်ပြန်တိုက်ခိုက်မှုများကြောင့် တုန်ခါလျက်ရှိသည်။

**ထွက်စွာသင့်**

အီရတ်တာဝန်ရှိသူများအနေဖြင့် ဗြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ခဲ့သော်လည်း တိုက်ပွဲများ ပိုမိုပြင်းထန်လာမည် ဖြစ်သည့်အတွက် မြို့နေပြည်သူများ မြို့တွင်းမှ ထွက်စွာ သွားသင့်ကြောင်း ပြောကြားလျက်ရှိသည်။

**(စီအင်နဲ့အင်နဲ့)**

# အီရတ်နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာ

ဘဂ္ဂဒက် နိုဝင်ဘာ ၉

**အီရတ်နိုင်ငံတွင် ကာ့ဒ်လူမျိုးများ နေထိုင်ရာဒေသမှလွဲ၍ ကျန်နိုင်ငံတစ်ဝန်းတွင် အီရတ် ယာယီအစိုးရက အရေးပေါ်အခြေအနေကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ ၎င်း အရေးပေါ် အခြေအနေကြေညာချက်နှင့် ပတ်သက်ပြီး အီရတ်ယာယီအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့၌ အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ဆိုးရွားသည့် လုံခြုံရေး အခြေအနေသည် လာမည့်နှစ် စက်တင်ဘာလတွင် ကျင်းပမည့် အီရတ် တိုက်ရိုက် ရွေးကောက်ပွဲကို အဟန့်အတား အခက်အခဲများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ယခုထုတ်ပြန်သည့် အရေးပေါ် အခြေအနေကြေညာချက်မှာ ရွေးကောက်ပွဲလုံခြုံစွာ ကျင်းပနိုင်ရေး လုံခြုံရေးပိုမို တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ပြန်ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။**

**ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ခြင်းသည် ယခုနှစ် ဖွန်လအတွင်း အီရတ် ယာယီအစိုးရထံ အချုပ်အခြာအာဏာ လွှဲပြောင်းရယူခဲ့ပြီး နောက်ပိုင်း ပထမဆုံး ထုတ်ပြန်သည့်ကြေညာချက် ဖြစ်ကြောင်းသိရသည်။** (အင်နဲ့အိပ်ခ်ွ်ကော)

# ဖော်လူဂျာ၊ အီရတ်ရှိ ဗုံးကွဲမှုများ ကြောင့် ကမ္ဘာ့ရေနံဈေး ပြန်တက်

**ဘဂ္ဂဒက်လေဆိပ်သို့ သွားသည့် အဝေးပြေးလမ်းမကောင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဖမ်းဆီး ထားသော အီရတ်တစ်ဦးကို နိုဝင်ဘာ ၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ဗြိတိသျှ ကာကွယ်ရေး

# နိုင်ငံတကာသတင်းများ

# ကန်တပ်ဖွဲ့ဝင်များထံ ကုန်ပစ္စည်းများပို့ပေးနေမှု ကျော်ဒန်မရပ်လျှင် ဖမ်းဆီးထားသော ကျော်ဒန်ယာဉ်မောင်းများကိုသတ်ပစ်မည်ဟု ခြိမ်းခြောက်

ဘဂ္ဂဒက် နိုဝင်ဘာ ၈

**အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များထံ ကုန်ပစ္စည်းများ ပို့ပေးနေမှုကို ကျော်ဒန်နိုင်ငံက ပိတ်ပင်တားမြစ်ခြင်း မရှိလျှင် ဖမ်းဆီးထားသောကျော်ဒန်ယာဉ်မောင်းသုံးဦးကို သတ်ပစ်မည်ဖြစ်ကြောင်း ခုခံတိုက်ခိုက်ရေးအုပ်စု တစ်စုက တနင်္ဂနွေနေ့၌ ခြိမ်းခြောက်လိုက်သည်။**

**သတ်ပစ်မည်**

ကျော်ဒန်အစိုးရသည် တောင်းဆိုချက်ကို လျစ်လျူရှုခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဆက်ဆံမှုကို ပိတ်ပင်တားမြစ်သည့် ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း ခုခံတိုက်ခိုက်ရေးအုပ်စုဝင် တစ်ဦးက ပြောကြားသည်။ အကယ်၍ ကျော်ဒန်အစိုးရသည် ၄စနာဂရီအတွင်း တုံ့ပြန်ခြင်းမရှိလျှင် ဖမ်းဆီးထားသူများကို သတ်ပစ်မည်ဖြစ်ကြောင်း မျက်နှာဖုံးစွပ်ထားသည့် ခုခံတိုက်ခိုက်ရေးအုပ်စုဝင်တစ်ဦးက ပြောကြားသည်။

**မေတ္တာရပ်ခံ**

ယခုကဲ့သို့ သတ်ပစ်ဟု ခြိမ်းခြောက်ထားသူသုံးဦးမှာ လွန်ခဲ့သည်သီတင်းပတ်၌ အီရတ်အနောက်ပိုင်းတွင် ပြန်ပေးဆွဲခြင်းခံခဲ့ရသော ကျော်ဒန်ယာဉ်မောင်း လေးဦးတွင် ပါဝင်သူများဖြစ်ပြီး စတုတ္ထမြောက် ကျော်ဒန်ယာဉ်မောင်း၏ ကဲကြွေမှာမှာ မသိရဘဲရှိသည်။ ပြန်ပေးသမားများက ဒုတိယအကြိမ်ပေးပို့လိုက်သော ဗီဒီယိုတိပ်ခွေတွင် ယာဉ်မောင်းများကို မျက်နှာဖုံးစွပ် သေနတ် သမားများရှေ့တွင် ထိုင်လျက်ရှိကြသည်ကိုတွေ့ရသည်။ ၎င်းတို့က မိမိတို့၌ ကလေးများရှိကြောင်း၊ အမေရိကန်တို့အတွက် ကုန်ပစ္စည်းများ ပို့ပေးနေခြင်းကို ပိတ်ပင်တားမြစ်ရန် ကျော်ဒန်အစိုးရကို မိမိတို့ မေတ္တာရပ်ခံကြောင်း ပြောကြားကြသည်။

**(အင်တာနက်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တည်ဆောက်ခဲ့သည့် မြန်မာနိုင်ငံ၏ အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးတံတားကြီးဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)မြင်ကွင်း

**သံလွင်တံတား(မော်လမြိုင်)**

| စဉ် | အကြောင်းအရာ | အချက်အလက် |
|---|---|---|
| ၁။ | **တံတားတည်ဆောက်မှုအခြေအနေ** | |
| | (က) တံတားစတင်တည်ဆောက်သည့်နေ့ | ၁၈-၃-၂၀၀၀ |
| | (ခ) တံတားတည်ဆောက်သည့်ပြည်နယ် | မွန်ပြည်နယ် |
| | (ဂ) တံတားတည်ဆောက်သည့်မြို့ | မော်လမြိုင်မြို့ |
| | (ဃ) တံတားတည်ဆောက်သည့်မြစ် | သံလွင်မြစ် |
| | (င) တံတားအမျိုးအစား | |
| | (၁) အုတ်မြစ်အမျိုးအစား | သံကူကွန်ကရစ် |
| | လွန်တူးပိုင်+ | |
| | သံကူကွန်ကရစ် | |
| | ရေတွင်းခွေ | |
| | (၂) အောက်ခြေအမျိုးအစား | သံကူကွန်ကရစ် |
| | (၃) အပေါ်ထည်အမျိုးအစား | သံမဏိသံပေါင် |
| ၂။ | **ကားလမ်း** | |
| | (က) ပင်မတံတားအရှည် | ၇၆၉၉ ပေ |
| | (ခ) မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတား | ၁၆၂၄ ပေ |
| | (ဂ) မုတ္တမဘက်ကမ်းချဉ်းကပ်တံတား | ၂၂၃၂ ပေ |
| | စုစုပေါင်း အရှည် | ၁၁၅၇၅ ပေ |
| ၃။ | **ရထားလမ်း** | |
| | (က) ရေလယ်ပင်မတံတား | ၇၆၉၉ ပေ |
| | (ခ) မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတား | ၈၇၁၆ ပေ |
| | (ဂ) မုတ္တမဘက်ကမ်းချဉ်းကပ်တံတား | ၁၀၀၅၁ ပေ |
| | စုစုပေါင်း အရှည် | ၂၆၄၆၆ ပေ |
| ၄။ | **ကားလမ်း၊ရထားလမ်းနှင့်လူသွားလမ်းအကျယ်** | |
| | (က) ကားလမ်းအကျယ် | ၂၈ ပေ |
| | (ခ) ရထားလမ်းအကျယ် | ၁၄ ပေ |
| | (ဂ) လူသွားလမ်းအကျယ်တစ်ဖက်လျှင် | ၆ ပေစီ |
| ၅။ | **ခွင့်ပြုတန်ဖိုး** | တန် ၆၀ |

**သံလွင်တံတား(မော်လမြိုင်)ကို မော်လမြိုင်ဘက်ကမ်းမှ ပင်မတံတား ရေလယ်တိုင်နှင့် တံတားအခန်းများ သံမဏိသံပေါင်တပ်ဆင်ထားမှု အခြေအနေကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## ချဉ်းကပ်တံတား

**ဆောက်လုပ်ရေး ဝန်ကြီး ဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်နေသော မြန်မာနိုင်ငံတွင်အရှည်ဆုံး၊အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားဖြစ်သည့် သံလွင်တံတား (မော်လမြိုင်) မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



## သံလွင်တံတား(မော်လမြိုင်)

သံလွင်တံတား(မော်လမြိုင်)သည် မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားကြီးဖြစ်သည်။ သံလွင်တံတား(မော်လမြိုင်)သည် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်း လမ်းပေါ်တွင်တည်ရှိပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ်ကို ဖြတ်ကျော်၍ မော်လမြိုင်မြို့နှင့်မုတ္တမသို့ ဆက်သွယ်ပေးမည့် တံတားကြီးဖြစ်သည်။ မြန်မာပြည်မြောက်ဖျားမှ တောင်ဘက်စွန်း တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ကုန်းလမ်းခရီးဖြင့် တောက်လျှောက် သွားလာနိုင်မည်ဖြစ်သည်။

**သံလွင်တံတား( မော်လမြိုင် )တည်ဆောက်ပြီးစီးမှု**

**မကြာမီဖွင့်လှစ်တော့မည့် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်မိသားစုများ၏စုပေါင်းဘုံကထိန်ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ကထိန်လျာဥတ်သင်္ကန်းဆက်ကပ်

ရန်ကုန် နိုဝင်ဘာ ၉

**ရန်ကုန်တိုင်းစစ်ဌာနချုပ်မိသားစုများ၏ (၁၅)ကြိမ်မြောက် စုပေါင်းဘုံကထိန် အလှူမဂ်လာအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်ဖြို့ ဒဂုံဖြို့နယ်ရှိ အလပြဘုရားကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်စင်သက်ဌေးတို့ တက်ရောက်ကြည်ညိုကြသည်။**

## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ ကောသလ္လနှင့် အလပြဘုရားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီရိဒ္ဓတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ တပ်နယ်မှူးများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## သီလဆောက်တည်

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ ကောသလ္လထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့က အလပြဘုရားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သီရိဒ္ဓအား ကထိန်လျာဥတ်သင်္ကန်းနှင့် လူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချ

ဆက်လက်၍ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အိန္ဒိယနှင့် နီပေါနိုင်ငံတို့ရှိ သံဃေနိယလေးဌာနသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ဘုရားဖူးပို့ဆောင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

# မြန်မာ-အိန္ဒိယနှစ်နိုင်ငံပွဲ ပြိုးရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ

- ရိုဒ်-တီးတိန်,ရိုဒ်-ဖလမ်းလမ်းဖောက်လုပ်ရေး၊
- ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
- ထမံသီရေအားလျှပ်စစ်စီမံကိန်း၊
- အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံလမ်းဖောက်လုပ်ရေး၊
- ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၊
- ဆက်သွယ်ရေး၊ သတင်းနှင့်နည်းပညာ၊
- သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊
- ယဉ်ကျေးမှုနှင့်ပညာရေးပူးပေါင်းဆောင်ရွက်ရေး၊
- ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေး၊
- နိုင်ငံတကာဆက်ဆံရေး၊
- နယ်စပ်ဒေသကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံမှုကိစ္စ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများအား သံဃေနိယလေးဌာနသို့ဘုရားဖူးပို့ဆောင်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၉

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဦးဆောင်စီစဉ်မှုဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့ရှိ သံဃေနိယလေးဌာနသို့ ဘုရားဖူးပို့ဆောင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်ဖြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဝန်ကြီးဌာန အသီးသီးမှ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့ရှိသံဃေနိယလေးဌာနသို့ ဘုရားဖူးပို့ဆောင်ရေးအတွက် သာသနာရေးဝန်ကြီးဌာန စီမံဆောင်ရွက်ထားသည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပဲ့ပိုးစီစဉ်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ပြည်ထောင်စုကြီ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

**ရခိုင်ပြည်နယ် ပြည်ထောင်စုကြီ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)ကို ယမန်နေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေဖြို့ ဖြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြီ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှူဆောင် ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဗိုလ်မှူးချုပ်ပြည်ခိုက ၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိများနှင့်ဧနီးများ၊ ပြည်နယ်/ခရိုင်နှင့် ဖြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာများ၊ ဖြို့မိဖြို့ဖများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ပြည်နယ်/ခရိုင်နှင့် ဖြို့နယ်အသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

## ရှင်းလင်း

အစီအစဉ်အရ ပြည်ထောင်စုကြီ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှူဆောင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည်ခိုက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်အသင်းအလုပ်အမှူဆောင် ဦးနန်းအောင်ထွန်းက ပြည်ထောင်စုကြီ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ် အလုပ်အမှူဆောင် ဒေါ်ဆွေဆွေသန်းက ရခိုင်ပြည်နယ် ပြည်ထောင်စု ကြီ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာ ဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြား တင်သွင်းသည်။ ထို့နောက် ဗဟိုအလုပ်အမှူဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ထူးချွန် ဆုရ အသင်းဝင် လူငယ်မောင်မယ် များအား ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်ကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## လုပ်နန်းဆောင်ရွက်နိုင်မှု

ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို မွန်းလွဲ ၁နာရီ တွင်ကျင်းပရာ သဘာပတိ အဖြစ် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဦးကျော်ရင့်နှင့် သဘာပတိ အဖွဲ့ဝင်များအဖြစ် ပြည်နယ်အလုပ်အမှူဆောင်များဖြစ်ကြသည့် ဦးဦးလှထွန်းနှင့် ဦးကျော်စိန်လှတို့က ဆောင်ရွက်ကြသည်။ အစီအစဉ်အရ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ဖြို့နယ်အသင်းများမှ တာဝန်ရှိသူများက တစ်နှစ်တာအတွင်းလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် သဘာပတိကဆုံးဖြတ်ချက်သုံးရပ်၊ မှတ်တမ်းတင်ခြင်း နှစ်ရပ်တို့ကို အစည်းအဝေးသို့ တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူပြီး အခမ်းအနားမှူးက ဆုံးဖြတ်ချက်သုံးရပ်နှင့် မှတ်တမ်း တင်ခြင်း နှစ်ရပ်တို့ကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ကြေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့၊ ပိုင်းဝန်းကူညီဆောင်ရွက်စို့။

## ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၀၇၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/ဖြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၉**

ရွှေပြည်သာမြို့နယ် နာရေးကူညီမှုအသင်းသို့ နိုဝင်ဘာ ၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်သုံးသောင်း၊ ရွှေပြည်သာ-အင်းစိန် ဟိုင်းလတ် မော်တော်ယာဉ်အသင်းမှ ငွေကျပ် တစ်သိန်းတစ်သောင်းကို ပေးအပ် လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြီးညိုနှင့် နာရေးကူညီမှု အသင်း ဥက္ကဋ္ဌ ဦးမြတ်ဝေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြောင်းသိရသည်။ **(က-ပ)**

# အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၉**

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန အဆင့်ဆင့်မှ ဝန်ထမ်းများ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်ဖြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန် သွင်းကုန်လုပ်ငန်း ဒုတိယအထွေထွေ မန်နေဂျာ ဦးစောဦး နှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၄၀တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✻ ကျောဖုံးမှ**

ကိစ္စ၊ အချိန်ယူဆောင်ရွက်ရမည့်ကိစ္စနှင့် ဆက်လက်ညှိနှိုင်းမှုများ လုပ်ဆောင်ရမည့်ကိစ္စများဟူ၍ ရှိမည်ဖြစ်သကဲ့သို့ တစ်ဖက်နိုင်ငံအနေဖြင့်လည်း အလားတူပင် ဆောင်ရွက်ပေးရမည့်ကိစ္စများ ရှိနေမှာဖြစ်၍ နှစ်နိုင်ငံသဘောတူညီမှုများ မြန်ဆန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုကြောင်း။

**ဆောင်ရွက်ပြီးစီးမှု**

ထိုကြောင့် ယနေ့အစည်းအဝေးတွင် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံသဘောတူညီမှုများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စများကို ရှင်းလင်းတင်ပြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘထင်ဝင်းက နိုင်ငံတော်အကြီးအကဲ၏ အိန္ဒိယသမ္မတနိုင်ငံ၏ ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများ၊ ရိုဒ်–တီးတိန်၊ ရိုဒ်–ဖလမ်း လမ်းဖောက်လုပ်ရေးကိစ္စ၊ ကုလားတန်ဖြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ ထမံသီရေအားလျှပ်စစ်စီမံကိန်း ကိစ္စ၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ လမ်းဖောက်လုပ်ရေးကိစ္စ၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကိစ္စ၊ ဆက်သွယ်ရေး၊ သာတင်းနှင့်နည်းပညာကိစ္စ၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ယဉ်ကျေးမှုနှင့်ပညာရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စ၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ နိုင်ငံတကာဆက်ဆံရေးကိစ္စ၊ နယ်စပ်ဒေသကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံမှုကိစ္စတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါကြောင်း။

**ရှင်းလင်းတင်ပြ**

ထိုပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နှားလည်မှုစာချွန်လွှာ၊ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့စဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

နှားလည်မှုစာချွန်လွှာနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာအစီအစဉ် စာချုပ် သုံးခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း လိုက်ပါ သွားခဲ့ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များကို လုပ်ငန်းစဉ်များ အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**အကောင်အထည်ဖော်**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး ခရီးစဉ်အတွင်း မိမိတို့ဆွေးနွေးခဲ့မှုများအပေါ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြပြီး အဆင့်ဆင့် ပြန်လည်တင်ပြကြရန် လိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့စဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဥာဏ်ဝင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

**✻ ကျောဖုံးမှ**

အရည်အသွေးမမီ၍ ပြင်ပသို့ရောက် မလာခြင်းဖြစ်ကြောင်း၊ ကျပ် ၁၀၀၀ တန် ငွေစက္ကူများမှာလည်း နယ်စပ် ဒေသမြို့များတွင် အတုများစွာ ထွက်ပေါ်နေ၍ ၎င်းငွေစက္ကူကို မကြာခင် တရားမဝင် ငွေစက္ကူအဖြစ် ကြေညာ လာနိုင်ကြောင်းဖြင့် ပြောဆိုနေကြောင်း၊ အချို့သော မသမာသူများ ကလည်း လက်ရှိ အသုံးပြုနေသော ကျပ် ၂၀၀ တန်၊ ကျပ် ၅၀၀ တန်နှင့် ကျပ် ၁၀၀၀ တန် အတောင်းများကို ဘဏ်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း၊ ထိုသို့အပ်နှံကြရာတွင် ၎င်းငွေများကို မည်သို့မည်ပုံ ရရှိသည်ကို ရှင်းလင်းဖော်ပြကြရမည်ဖြစ်ကြောင်း၊ မည်သို့မည်ပုံရရှိသည်ကို ဖော်ပြနိုင်ခြင်းမရှိပါက စစ်ဆေးမည်ဖြစ်ကြောင်း ပြောဆို သတင်းလွှင့်လျက်ရှိသည်ကို ကြားသိရကြောင်း။

**ဆက်လက်သုံးစွဲနိုင်**

ဤသို့ဖြစ်ပေါ်နေသော ကောလာဟလများနှင့်ပတ်သက်ပြီး ပြည်သူ့အများစိတ်အေးအောင် ရှင်းလင်းတင်ပြရပါက မိမိတို့ တပ်မတော်အစိုးရအနေဖြင့် မူလက အာမခံထားသည်အတိုင်း မည်သည့်ငွေစက္ကူကိုမျှ တရားမဝင်ငွေစက္ကူအဖြစ် ကြေညာခြင်း၊ တရားဝင်သုံးစွဲခွင့်မှ ရပ်ဆိုင်းခြင်းကို လုံးဝပြုလုပ်မည်မဟုတ်ကြောင်းကို အသိပေးလိုပါကြောင်း၊ ထို့အပြင် ငွေစက္ကူအဟောင်းများဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့က ကြေငြာထုတ်၍ သုံးစွဲခွင့်ပြုသော ငွေစက္ကူအသစ်များဖြစ်စေ တရားဝင် ဆက်လက်သုံးစွဲသေအဖြစ် ဆက်လက် တည်ရှိနေမည်ဖြစ်ကြောင်းကို အသိပေးလိုကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များမှတစ်ဆင့် ပြည်သူလူထုအား ငွေစက္ကူကိုစွန့်နှင့် ပတ်သက်သော ကောလာဟလများအပေါ် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြမှုမဖြစ်ဘဲ စိတ်အေးချမ်းသာစွာဖြင့် ငွေစက္ကူ အပောင်း၊ အသစ်များကို ယုံကြည်စိတ်ချစွာ ဆက်လက် သုံးစွဲနိုင်ကြကြောင်းကို အသိပေးရှင်းလင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနေ့က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ရှင်းလင်းပြောကြားရာတွင် မိမိတို့အနေဖြင့် ဆက်လက်ပြီး တရားမဝင်တင်သွင်းလာသော လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်၍ အခြေအနေမှန်ကို ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များမှတစ်ဆင့် ပြည်သူများပါ သိရှိနိုင်အောင် ဆက်လက်ရှင်းလင်းတင်ပြလိုကြောင်း။

**ဥပဒေနှင့်အညီဆောင်ရွက်မည်**

ယနေ့အခါတွင် မိမိတို့နိုင်ငံ အတွင်း၌ တရားမဝင်တင်သွင်းလာသော လိုင်စင်မဲ့မော်တော်ယာဉ်များ အသုံးပြုလျက်ရှိကြောင်းကို မိမိတို့ သိရှိနေရပါကြောင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေအရ မည်သည့်ယာဉ် ဖြစ်စေ တရားဝင်ဖြစ်သော လိုင်စင်ရှိမှသာ မောင်းနှင်အသုံးပြုနိုင်ခွင့်ရှိမည် ဖြစ်ကြောင်း၊ သို့ပါ၍ လိုင်စင်မဲ့ မော်တော်ယာဉ်များကို ယခုအခါ နိုင်ငံတော်အနေဖြင့် သိမ်းဆည်းလျက် ရှိနေပါကြောင်း၊ ထိုသို့ သိမ်းဆည်းရာတွင် ယာဉ်ကိုသာသိမ်းဆည်း၍ပြစ်ဖြစ်ပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းစသည့် ပုဂ္ဂိုလ်များအား တစ်စုံတစ်ရာအရေးယူခြင်း၊ ထိုယာဉ်ကို မည်သူ့ထံမှ ဝယ်ယူသည်၊ မည်သည့်လမ်းကြောင်းမှ တင်သွင်းသည် စသည်တို့ကို စစ်ကြောမေးမြန်းခြင်းပြုလုပ်မည်မဟုတ်ကြောင်းကို အသိပေးလိုပါကြောင်း၊ ထို လိုင်စင်မဲ့မော်တော်ယာဉ်များကို သိမ်းဆည်းပြီးနောက် ယာဉ်ကိုသာလျှင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကို အသိပေးလိုကြောင်း။

**တရားဝင်အပ်နှံ**

သို့ပါ၍ လိုင်စင်မဲ့မော်တော်ယာဉ်လက်ဝယ်ရှိသူများအနေဖြင့် မိမိတို့၏ ယာဉ်များကို နီးစပ်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများတွင် အမြန်ဆုံး အပ်နှံသွားကြရန် အသိပေးလိုကြောင်း၊ ယခုအခါ တချို့သော လိုင်စင်မဲ့ မော်တော်ယာဉ် လက်ဝယ်ရှိသူများ အနေဖြင့် လူပုဂ္ဂိုလ်အရေးယူခံရမည်ကို စိုးရိမ်ခြင်း၊ စစ်ဆေးမေးမြန်းခံရမည်ကို စိုးရိမ်ခြင်းကိုကြောင့် မိမိလက်ဝယ်ရှိ လိုင်စင်မဲ့ မော်တော်ယာဉ်များကို အခြားသို့လွှဲခါန်းခြင်း၊ အပိုင်းပိုင်းဖြတ်၍ အစိတ်အပိုင်းများပြုလုပ်ခြင်းမှလည်း မည်သူ့ကိုမျှ ယုံကြည်ခြင်းမရှိသော ကြားသိရပါကြောင်း၊ မိမိတို့တရားမဝင်လိုင်စင်မဲ့ ယာဉ်သည် ဥပဒေနှင့်ညီညွတ်သော ယာဉ်ပစ္စည်းမဟုတ်သဖြင့် လျှဒါန်းပါကလည်း တစ်စုံတစ်ရာကုသိုလ်ရရှိနိုင်မည် မဟုတ်သည့်အပြင် ဒါနလည်း မြောက်နိုင်မည်မဟုတ်ကြောင်း၊ ထို့အပြင် အပိုင်းပိုင်းဖြတ်၍ အစိတ်အပိုင်းများပြုလုပ်ပစ်ခြင်းမှလည်း မည်သူ့ကိုမျှ ယုံကြည်ခြင်းမရှိသော ကြားသိရပါကြောင်း၊ ပိုင်ရှင်အတွက်လည်းကောင်း၊ ပိုင်ရှင်အတွက်လည်းကောင်း ဆုံးရှုံးမှုသာ ဖြစ်စေနိုင်ပါကြောင်း၊ သို့ပါ၍ယခုအချိန်အခါတွင် နိုင်ငံတော်သို့ လိုင်စင်မဲ့မော်တော်ယာဉ် အနေဖြင့် ရပ်ဆိုင်းခြင်းသည်သာလျှင် အမှန်ကန်ဆုံး ဆောင်ရွက်နည်းဖြစ်ကြောင်းကို အသိပေးလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ စီးပွားရေး လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်သော ကိစ္စရပ်များကို ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



# အဖိတ်နေ့ရှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးပေးနိုးဆော်အပ်ပါသည်။

## ကိုးနှင်းဝေတိုးပွားရေနံယမွဲနှင့် ဂုဏာဝိသိဋ္ဌမဂ်လာ ဆင်ယင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ညောင်တိုအုပ်စု စန်းကုန်းကျေးရွာ မဟာသဒ္ဓမ္မသုခကာရီ ကျောင်းတိုက်၏ဦးစီးပဓာန နာယကဖြစ်သော ဘဒ္ဒန္တ ဝရဥာဏ (မြို့နယ် သံဃနာယကအဖွဲ့ဝင်) ကမဂထ ဦးဆောင်ပြီး ပြည်တွင်းပြည်ပ သာသနာပြုနယ်စပ်ဒေသသာသနာပြု၊ မမ္မာစရိယတက္ကသိုလ်၏ အဓိပတိဖြစ်သော၊ နိုင်ငံတော်အစိုးရက ဆက်ကပ်လူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ အလိုတော်ပြည့်ဆရာတော်ကြီးအား ဂုဏဝိသိဋ္ဌမဂ်လာပွဲနှင့် ကျောင်းတိုက်အတွင်းရှိ ကိုးနေပင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပူဇော်ပွဲနှင့် ကျောင်းဆုတ်တံတိုင်း ရေစက်ချ၊ ကထိန်အလှူမင်္ဂလာတို့ကို ၃၃ဖေဖေနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ရက်) သောကြာနေ့တွင် စည်ကားသိုက်ဖြိုက်စွာ ဆင်ယင်ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

# သာမဏေကျော်များ၏ ပွဲတော်

(၈)

ကနဦးမှစ၍ ရေတွက်လာလျှင် ယခုနှစ်(၁၃၆၆၊ ၂၀၀၄)သည် ဆဋ္ဌမနှစ်ဖြစ်၏။ ကာလမြေပြင်၌ အောင်ခြေရာငါးကွက်ကို ချိန်င်ခဲ့ပြီးဖြစ်ကာ ယခုသော် ခြောက်ကွက်မြောက်အောင်ခြေရာကို နက်နက်နှင့်နစ်နစ် ချနေကြပါပြီ။ ယင်းသည်ပင် သာမဏေကျော်များ၏ ပွဲတော်ဖြစ်ပါ၏။ ဆက်ပြောရပါလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးဖြို့၌ ဆဋ္ဌမအကြိမ် ကျင်းပနိုင်သော ကမ္မောဇသာမဏေကျော်စာမေးပွဲဖြစ်ပါသည်။

(၉)

ဆဋ္ဌမအောင်ခြေရာကို တင်ကြိုရှုမြင်နိုင်ဖို့ ရှေးဦးစွာ ပဋ္ဌမအောင်ခြေရာကို လေ့လာရှုမြင်အပ်ပါ၏။ ယင်းပဋ္ဌမအောင်ခြေရာဟု ဆိုအပ်သည့် ပဋ္ဌမအကြိမ် ကမ္မောဇသာမဏေကျော် စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၇-၁၀-၂၀၀၃ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးဖြို့ ဗြိုလ်မမ်းမှာရဲ့ ဓမ္မမိမာန်၌ ကျင်းပခဲ့ရာ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယကဆရာတော်ကြီးများ၊ ပုဏ္ဏကဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ စာဖြေရှင်သာမဏေများ စုံညီစွာတက်ရောက်ချီးမြှင့်ကြသကဲ့သို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဦးဆောင်ကာ စစ်ဘက်၊ နယ်ဘက်အကြီးအကဲများနှင့် ဧနီးများ၊ စာမေးပွဲကျင်းပရေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့ဝင်များ၊ ဧစတနာရှင်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုခဲ့ကြ၏။

ယင်းအပြင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရဖြင့်မောင်ကိုယ်တိုင် တက်ရောက်ကြည်ညိုခဲ့လေ၏။

ပဋ္ဌမအကြိမ် ကမ္မောဇသာမဏေကျော်စာမေးပွဲ ဖွင့်ပွဲအခမ်းအနား အစီအစဉ်အရ နမောတဿဖြင့်အခမ်းအနားဖွင့်၊ တောင်ကြီးဖြို့ သိမ်တောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓေဇဂုဏမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဆန္ဒာဓိကက ငါးပါးသီလချီးမြှင့်၊ မန္တ လေးဖြို့ မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဓမ္မာဘိဝံသက သြဝါဒကထာချီးမြှင့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက သာသနာရေးရာလျှောက်ထား၊ ဖြို့လယ်မမ်းမှာရဲ့ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစွန်ကြိုင်က စာမေးပွဲရေးရာလျှောက်ထားပြီး ထီးဖြူတော်ဖွင့် မင်္ဂလာသဘင်ဆင်ယင်လျက် စာဖြေသာမဏေ ၂၁၉ပါးတို့က သက်ဆိုင်ရာ စာထောက်စာမ ဆရာတော်တို့၏ အမှတ်တင်မေးခွန်းများကို အာဂုံနှုတ်တက် ပြန်ဆိုခဲ့ကြပါသည်။

အာဂုံပြန်ဆိုအောင်မြင်ခဲ့ကြသည် သာမဏေတို့သည် ရေးဖြေအဖြစ် သုံးရက်တိုင်တိုင် ဆက်လက်ဖြေဆိုခဲ့ကြသည်တွင် ပထမဆင့်၌ ၂၁စပါးဖြေ အပါး ၈၀အောင်၊ ဒုတိယဆင့်၌ ၉၇ပါးဖြေ ၂၃ပါးအောင်၊ တတိယဆင့်၌ ၅၁ပါးဖြေ ခုနှစ်ပါးအောင်မြင်ခဲ့ရာ ယင်းတတိယဆင့်အောင် သာမဏေကျော် ခုနှစ်ပါးနှင့် ပထမဆင့်၊ ဒုတိယဆင့်အောင် သာမဏေကျော်လောင်းလျှာ ၁၀၃ပါး စုစုပေါင်းအပါ ၁၁၀တို့အား ဆုနှင်းသာဘင်အခမ်းအနားအဖြစ် ၂၃-၁၀-၂၀၀၃ရက်နေ့၌ ဖြိမ့်ဖြိမ့်ခဲ့သဲ အောင်ပွဲကျင်းပခဲ့ကြပါပြီ။

ဤတွင် ယင်းအောင်ပွဲအခမ်းအနားကို မရေးသားမီ ဖွင့်ပွဲအာဂုံပြန်တစ်ရက်၊ ရေးဖြေသုံးရက်နှင့် အောင်ပွဲတစ်ရက် စုစုပေါင်း၀ါးရက်၌ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယကဆရာတော်ကြီးများ၊ ပုဏ္ဏကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာစစ်ဆရာတော်များ၊ စာဖြေသာမဏေများအား သဒ္ဓါထက်သန်စွာ ဆွမ်းအလှူ လှူဒါန်းကြသည့် ဧစတနာရှင်များကို မှတ်တမ်းတင်အပ်ပါ၏။

* အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဧနီးဒေါ်ဝင်းဝင်းနု၊
* ရှမ်းပြည်နယ် ရဲမှူးကြီးသူရဝတ်လုနှင့် ဧနီးဒေါ်မြေမြေလွင်၊
* လောကနတ်ရောင်းဝယ်ရေး ဦးစီးညွှန်နှင့် ဧနီးဒေါ်သန်းအေး၊
* အေကေရောင်းဝယ်ရေး ဦးအေးကျော်နှင့် ဧနီးဒေါ်အေးအေးမြင့်၊ ဟော်ကုန်းဒေါ်ရွှေတင်(သား)ဦးပေကပ်ကင်းထွန်းဆေး၊ ဦးထွန်းစိန်၊
* စိုးမိုးကျော်နှင့် ဝိုင်းဝိုင်းလည် ထိကိုယ်စားလှယ် ဦးသန့်ခင်၊ ဧနီး ဒေါ်မိုးကြည်၊

(၇)

သာမဏေကျော်များ၏ ပွဲတော်ဖြစ်သော အောင်ပွဲနေ့အခမ်းအနားဌ အမှတ်ထင်ထင် ဖြစ်စဉ်ဖြစ်ရပ် ပြောစမှတ်ဖြစ်ရစ်ခဲ့သည်မှာ ကမ္မောဇသာမဏေကျော် စာမေးပွဲကျင်းပရေးအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးတစ်ပါးပါသော ညောင်ရွှေတန်ကြီးဆရာတော် အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိမလာဘိဝံသ ချီးမြှင့်တော်မူသော သြဝါဒကထာသည် နောက်ဆုံးသြဝါဒကထာ ဖြစ်သွားခြင်းဖြစ်၏။ အကြောင်းမှာ ထိုသြဝါဒကထာကို ချီးမြှင့်တော်မူပြီး မကြာမတင်မှာပင် ဆရာတော်ဘုရားကြီးသည် နတ်ထီးဝိုလှိုသွားသောကြောင့်ဖြစ်၏။

ပဋ္ဌမအကြိမ် ကမ္မောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် အခမ်းအနားသို့ ညောင်ရွှေတန်ကြီးဆရာတော်ဘုရားကြီး ရေးသားချီးမြှင့်တော်မူသော ပစ္ဆိမသြဝါဒကထာကောက်နုတ်ချက်။

"ဤကမ္မောဇသာမဏေကျော်စာမေးပွဲကြီးသို့ ရှမ်းပြည်နယ်အတွင်းရှိ သာမဏေများသာမက မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်း၊ ဧရာဝတီ၊ မကွေးနှင့် ပဲခူးတိုင်းတို့မှ သာမဏေများလည်း ကြွရောက်၍ ပြန်ဆိုဖြေဆိုကြသည်ကို ကြားသိရသဖြင့် ရှမ်းပြည်နယ်၏ သာသနာ့ကျက်သရေဆောင် စာမေးပွဲကြီးဟု ခေါ်ဆိုချီးကျူးထိုက်ပေသည်။"

## ရတနာစည်ဆရာတော် (လွိုင်လင်)

"ဤကဲ့သို့ သာမဏေကျော်ပုဂ္ဂိုလ်မော်လေးများ သာသနာအတွင်း ထွန်းကားပေါ်ပေါက်လာရေးအတွက် **အမွေါသုက္ကာ=ကြောင်ကြမ္မဲ** မနေမူ၍ သာသနာကြီးပွားတိုးတက်ရေးအမှုကို ဆောင်ရွက်ရသည်မည်သာ **သုစါဝဟ=ချမ်းသာကို ဆောင်ခြင်းပင်**ဖြစ်သည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမည်ဖြစ်ပေသည်။"

ယင်းသို့ အားပေးတော်မူပြီးနောက် အသောကမင်းတရားနှင့် နီကြောဝ သာမဏေတို့၏ထုံးကိုဏ္ဍနိုးဆိုလျက် ဆရာဒကာ သူ့ဘက်၊ ကိုယ့်ဘက် သာသနာ့အတွက် တာဝန်ကျေစေဖို့နိုးဆော်ရင်း အောက်ပါအတိုင်း အလေးအနက် တိုက်တွန်းတော်မူ၏။

"အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်တတ်သော တရားသည် လုံခြုံရေးကောင်းသော စိတ်တရားဖြစ်ရ၍ ပရိယတ္တိသဒ္ဓမ္မနှင့် စပ်ယှဉ်သော ဤကမ္မောဇသာမဏေကျော် စာမေးပွဲကြီးသည်လည်း စိတ်လုံခြုံရေး၊ စိတ်ကောင်းစိတ်မြတ်ဖြစ်တည်ရေးအတွက် ပြုလုပ်ခြင်းမည်သည်ကြောင့် ဆရာဒကာ တိုင်းပင်ညီညွတ်စွာဖြင့် အရှည်ခံတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိအတွက်ရော သူတစ်ပါးအတွက်ပါ သံသရာတစ်လျှောက် အကျိုးသက်ရောက်နိုင်မည့် ပရိယတ်သာသနာကြီးပွားရေး၊ ပဋိပတ်သာသနာ ထွန်းကားရေးလုပ်ငန်းကို မဆုတ်မနစ် သဒ္ဓါတရားစေတနာ့သာထားကာ ဆောင်ရွက်ကြပါ"

(၈)

သာမဏေကျော်များ၏ ပွဲတော်ဖြစ်သော အောင်ပွဲနေ့အခမ်းအနားဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ လျှောက်ထားလွှာ၊ မြို့လယ်မမ်းမှာရဲ့ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၏ လျှောက်ထားလွှာတို့သည်လည်း ဆရာဒကာ ရေနဲ့ကြာ အလှတစ်ရာ ပုံရိပ်လွှာများပင် ဖြစ်လျက်ရှိကုန်၏။

"သာမဏေကျော်စာမေးပွဲသည် သမိုင်းအရ ကောဇာ ၁၃၁၁ ခုနှစ် ခရစ်နှစ် ၁၉၄၉ ခုနှစ်မှစ၍ အမရပူရ မဟာနွာရုံဆရာတော် အရှင်ဓနကာဘိဝံသစသည့် ဆရာတော်များက ဦးဆောင်ကာ မန္တလေးဖြို့ ပရိယတ္တိသာသနာဟိတသဟျာသီဟအသင်းကြီး၏ ပုံပိုးမှုဖြင့် နတ်တော်လဆ် စတင်ကျင်းပခဲ့ရာမှ ကျယ်ပြန့်အောင်မြင်လာခဲ့သော ပရိယတ္တိအကျိုးပြု စာမေးပွဲကြီးတစ်ခု ဖြစ်ကြောင်း လေ့လာသိရှိရပါသည်ဘုရား။

"သာမဏေကျော်စာမေးပွဲကြီးတွင် ဝိနည်း ပိဋကတ်တော်တစ်ခုလုံး ပြဋ္ဌာန်းထားရှိပြီး စာမျက်နှာ ၂၂၀၀ ရှိသော ဝိနည်း၀ါးကျမ်းကို ပါဠိရော အနက်ပါ ဖြေဆိုရသည်ဟု သိရှိရပါသည်ဘုရား။ ၎င်းပြင် စာမျက်နှာ ၁၆၅၁ ရှိသော အဂ်ုတ္တရပါဠိတော်၊ စာမျက်နှာ ၉၀၃ ရှိသော ဓမ္မပဒအဋ္ဌကထာ၊ သဒ္ဒါကြီးရှစ်စောင်၊ သဠာယတနကိုးပိုင်းကိုပါ ထည့်သွင်းပြဋ္ဌာန်းထားရှိသဖြင့် များပြားလှသော ပိဋကတ်ကျမ်းစာများကို အဆင့်သုံးဆင့်ခွဲ၍ သုံးနှစ်ခွဲပြီး ဖြေဆိုရကြောင်း၊ ဖြေဆိုရာ၌လည်း အသက်(၂၀)မပြည့်သေးသည့် သာမဏေများသာ ဖြေဆိုခွင့်ရှိကြောင်း၊ သုံးနှစ်လုံးဖြေဆိုအောင်မြင်ပါမှ သာမဏေကျော် အလက်ံရာတ္ဒေတော်ကို ခံယူရရှိနိုင်ကြောင်း တပည့်တော် လေ့လာမှတ်သားဖူးပါသည်ဘုရား။

"သို့ပါ၍ ဤသာမဏေကျော် စာမေးပွဲကြီးသည် ရှင်တော်မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာတော်ကြီးကို ရေရှည်တည်တံ့ခိုင်ခဲ့စေရေးအတွက် အလွန်အရေးပါပြီး ထိရောက်မှုရှိသော စာမေးပွဲကြီးတစ်ရပ်ဖြစ်ကြောင်း လေ့လာသုံးသပ်မိပါသည်ဘုရား"

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အင်ပြည်အားပြည့် လျှောက်ထားချက်ဖြစ်၏။ သာမဏေကျော်စာမေးပွဲ၏ ဂုဏ်ရည်ပုံရိပ်ကို တဖိတ်ဖိတ်တောက်ပစေသော လျှောက်ထားချက်ဖြစ်ပါသည်။

တိုင်းမှူးက နိဂုံးချုပ်အဖြစ် ဤသို့လျှောက်ထား၏။

"တပည့်တော်တို့ ကိုးကွယ်ခွင့်ရရှိနေသည့် ထေရ၀ါဒ ဗုဒ္ဓသာသနာတော်ကြီးသည် သာသနာသမ္ဘတ္တိနှင့်ပြည့်စုံပြီး ကြွေတင့်ကြွေခဲ ရဲသလွစ်သော အေးမြသည့် သာသနာ့အရိပ် အာဝေသကြီးဖြစ်ပါ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ခိုင်ခဲ့နေစေရန် ဆရာတော်ဘုရားကြီးများ၏ သြဝါဒကို ခံယူပြီး တပည့်တော်တို့ ဒကာ ဒကာမများဘက်က ပစ္စယာနုဂ္ဂဟတာ၀တ်ကို ကျေပွန်စွာ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း"

တိုင်းမှူး၏ လျှောက်ထားချက်အဆုံးဝယ် သာဓုသံ ညည်းတိန်းသွားပြီး နောက် အဖွဲ့ဥက္ကဋ္ဌဦးစွန်ကြိုင်က စာမေးပွဲနှင့်ပတ်သက်သမျှ ဆောင်ရွက်ချက်များကို အသေးစိတ်လျှောက်ထားရင်း ကမ္မောဇသာမဏေကျော်စာမေးပွဲကြီး နှစ်စဉ်နှစ်တိုင်း မယျက်မကွက်ကျင်းပသွားနိုင်အောင် စည်းလုံးညီညွတ်စွာကြိုးပမ်း ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းဖြင့် နိဂုံးချုပ်လျှောက်ထားလေ၏။

(၈)

ယင်းကမ္မောဇသာမဏေကျော်စာမေးပွဲကို ရှမ်းပြည်နယ်၌ သစ်သစ်လွင်လွင် တက်တက်ကြွကြွ ကျင်းပနိုင်စေရန် ပဓာနအခန်းကဏ္ဍက ဆောင်ရွက်တော်မူသော ဆရာတော်ကြီးမှာ တောင်ကြီးသိမ်တောင်ဆရာတော် နိုင်င်တော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓေဇဂုဏမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဆန္ဒာဓိက ဖြစ်ပါ၏။ ကောဇာ ၁၃၆၁ခုနှစ်၌ ပထမအကြိမ်အဖြစ် ကျင်းပနိုင်အောင် ဆရာတော်ကြီးသည် သုံးလေးနှစ်ကြိတင် ပြင်ဆင်လုံ့လပြုတော်မူခဲ့၏။ တပည့်ကြီးများဖြစ်သော အရှင်တေဇဝန္တ (မျိုဆစရိယ)၊ အရှင်နေမိန္ဒာလက်ံရာ ဘိဝံသ စသည်သိမ်တောင်စာချဆရာ့အဖွဲ့ကလည်း ဆရာတော်ကြီး၏ ဆန္ဒတော် အကောင်အထည်ပေါ်အောင် ကြိုတင်ကြိုးစားခဲ့ကြ၏။

တစ်ပါးကောင်း၊ တစ်ကျောင်းကောင်းလုပ်မရသည့် သာသနာ့ပြုလုပ်ငန်းကြီးဖြစ်သဖြင့် ရှမ်းပြည်နယ်ရှိ နေလသဗျယ်ထင်ရှားသော ဆရာတော်ကြီး ၂၅ပါးတို့ကို သြဝါဒါစရိယဆရာတော်ကြီးများအဖြစ် ရွေးချယ်တင်မြှောက်ရ၏။ ညောင်ရွှေတန်ကြီးဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ၊ ညောင်ရွှေ ရွှေဂူ ဆရာတော် ဘဒ္ဒန္တ ဝိလာသာဘိဝံသ၊ အင်းလေးရွှေဘုံသာဆရာတော် ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ၊ တောင်ကြီး စွန်းလွန်းဆရာတော်ဘဒ္ဒန္တ အဂ္ဂမဓမ္မာဘိဝံသ စသည့် အကျော်ဒေးယျဆရာတော်ကြီးများဖြစ်ပါသည်။

ထိုပြင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းလုပ်မရသည့် သာသနာ့အကျိုးပြုပွဲတော်မျိုးဖြစ်သဖြင့် ဒကာကောင်း သဒ္ဓါကောင်းတို့၏ အသင်းအဖွဲ့ဖြစ်သော တောင်ကြီးဖြို့ ဖြို့လယ်မမ်းမှာရဲ့ ဓမ္မမိမာန်ဂေါပကအဖွဲ့ကို ပဓာနတာ၀နဲပေးခဲ့၍လည်းကောင်း၊ ဒေသဆိုင်ရာအာဏာပိုင်က ဦးဆောင်မှု မပေးလျှင်မဖြစ်နိုင်သော မြင့်မားသည့်ပွဲတော်မျိုးဖြစ်သဖြင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဦးဆောင်မှုကိုခံယူ၍လည်းကောင်း စည်းလုံးညီညွတ်စွာ အင်ပြည့်အားပြည့်ဆောင်ရွက်လျက်ရှိကြရာ ယခု ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော်သုရက်(၁၀-၁၁-၂၀၀၄)သည် ဆဋ္ဌမမြောက် သာမဏေကျော်တို့ရဲ့ ပွဲတော်နေ့ဖြစ်ပေသည်။

သို့ဖြင့် သာမဏေကျော်တို့ရဲ့ပွဲတော်ကို သစ်သည်ထက်ပိုသစ်၊ သန့်သည်ထက်ပိုသန့်အောင် မတန်မမနား မြှောလုပ်ရှား နိုးကြားနေကြခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာ ရှည်ကြာပြန့်ပွားနေမည် ဖြစ်ပါသတည်း။ ။

## ထားဝယ်အေဘီအမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၉**

ထားဝယ်အေဘီအမ် ကျောင်းသားဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ရန်ကုန်ဖြို့ YMCA ခန်းမ ၄၅လမ်း(အောက်လမ်း) ဗိုလ်တထောင်ဖြို့နယ်၌ ၂၀၀၅ ခုနှစ် ဧနန်ခေါရီ ၉ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပရန်စီစဉ်ထားသည်။

ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် အောက်ပါကျောင်းသားဟောင်းများနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။ (ထားဝယ်ဖြို့တွင်ကျင်းပမည့် အစီအစဉ်ကို ထပ်မံကြေညာပါမည်။) ဦးချိန်ဝမ် ဖုန်း-၅၃၃၇၉၃၊ ဦးစောရိန် ဖုန်း-၂၉၄၀၉၃၊ ဦးကျော်ဦး-ဒေါ်စန်းစန်းလှိုင်(ပါရမီစာပေ) ဖုန်း-၂၅၃၂၄၆၊ ဦးကျော်မြင့် (သိပ္ပံကျော်) ဖုန်း-၂၈၇၆၀၆၊ ဦးမြင့်အောင် ဖုန်း-၀၉-၈၀-၃၄၂၂၈၊ ၇၀၃၃၃ နှင့် ဒေါ်မြသိန်း ဖုန်း-၂၉၅၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

**အမှတ် ၄၁ စမ်းချောင်းလမ်း စမ်းချောင်းဖြို့နယ်နေ ဒေါ်ရင်ကြည် ဦးထွန်းမြင့်မိသားစုက ကွယ်လွန်သူဒေါ်နီနီ သုံးလပြည့်အတွက် ရည်စူး၍ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူဌေကျွပ် တစ်သိန်းကို အောက်တိုဘာ ၂၉ ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။** (က-ပ)

## ရိုတီအိုင်(ချောက်)ကျောင်းဆင်း အင်ဂျင်နီယာမိသားစု ကထိန်သက်နှိုးဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၉**

စက်မှုလက်မှုသိပ္ပံ (ချောက်) ကျောင်းဆင်းအင်ဂျင်နီယာမိသားစု၏ (၁၅)ကြိမ်မြောက် ကထိန်သက်နှိုးဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက်စနာ့ဈိမှ ၁၂နာရီ အထိ ကမ္ဘာ့အေးဘုရားလမ်းရှိ အဘိမွာ ရတနာ့ဃရမမ္မမိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းဆင်းကျောင်းသားကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မယျက်မကွက်တက်ရောက်ကြရန်နှင့် ကထိန်သက်နှိုး၊ အလှူဒေနှင့်လှူဖွယ် ပစ္စည်းများထည့်ဝင်လှူဒါန်းလိုသူများသည် ဦးမျိုးချစ် ဖုန်း-၂၂၂၈၁၁၊ Ex; ၁၀၈/၁၁၉၊ ဦးကြည်ဝင်း ဖုန်း-၆၈၁၈၄၆၊ ဦးအောင်မြင့်သိန်း ဖုန်း-၇၂၅၆၄၁၊ ဦးအောင်မြ ဖုန်း-၀၉-၈၀-၂၄၁၁၂ နှင့် ဦးခင်စိုး ဖုန်း-၇၂၇၆၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

# မန္တလေးမြို့ အခြေခံပညာအထက်တန်းကျောင်းများ၏ သင်ကြားသင်ယူနေမှုများ တိုင်းမှူးပိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဦးသန်းအောင်တို့ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၉

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့သည် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မန္တလေးတိုင်း ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ မန္တလေးတိုင်းပညာရေးမှူးနှင့် တာဝန်ရိုးရှိုင်းများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ နိုင်ငံတော်အစိုးရနှင့် မိဘပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသည့် စာသင်ခန်းရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် သိပ္ပလက်တွေ့ခန်း၌ လက်တွေ့သင်ကြားပြသနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြသည်။**

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးရင်ပြင်တော်ပေါ်တွင် ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ဒီဇင်ဘာလ၌ကျင်းပမည့် ဒသမအကြိမ် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ.သာ၊ သကြားလုံး၊ မုန့်ဆီကြော်၊ မုန့်လုံးရေပေါ်၉၉၀၀ကပ်လှူမော်ကွေ့အတွက် ညောင်ဦးမြို့နယ် တောင်ဘီလေးကျေးရွာအုပ်စု အများပြည်သူလှူဒါန်းသည့် ကျပ်ခုဝိ၀၀၀တန်ဖိုးရှိ နွမ်းဆီများကို အောက်တိုဘာ၂၆ရက်က စဉ်ကူမြို့ မဟာဝိသုတာရုတိုက်သစ်ကျောင်း၌ တောင်ဘီလေးကျေးရွာဥက္ကဋ္ဌ ဦးတင်ဝင်း၊ စဉ်ကူရဲစခန်းမှူး ရဲအုပ်ကျော်မိုးတို့က ဆီမီး၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း(စဉ်ကူစိုးဝင်း)နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းစဉ်။ (၀၄၆)

## ကထိန်အလှူတရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၉**

ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာ ဈေး တတိယအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ကို နိုဝင်ဘာ၁၈၊၁၉၊ ၂၀နှင့် ၂၁ရက်များတွင် ကျင်းပမည် ဖြစ်သည်။

ကထိန်အလှူတော်အကြိုတရားပွဲ အဖြစ် နိုဝင်ဘာ၁၂ရက် ညဂုနာရီတွင် သီတဂူ ဆရာတော် ဒေါက်တာ အရှင် ဥာဏိသရ (D.Litt) မဟာထေရ် အရှင်မြတ်နှင့် နိုဝင်ဘာ၁၈ရက် ည ဂုနာရီတွင် ကထိန်ပွဲအဖြစ် ဓမ္မဒူတ အရှင်ဆောက်နွတို့က တရားရေးအေး အဖြိုက်ဆေး တိုက်ကျွေးမည်ဖြစ် ကြောင်းသိရသည်။ (က-ပ)

ထိုနေ့ကတ် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းအုပ်ကြီးရုံးခန်း၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြကြည်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးခင်မောင်စိန်တို့၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

### ဆွေးနွေးမှာကြား

ယင်းနေ့ကတ် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ သင်ကြားရေးနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား မိမိတို့ကျရာ တာဝန်အလိုက် ကျေပွန်စွာဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထိုနေ့ကတ် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါကျောင်း၌ ပညာရေး ဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားလျက်ရှိသော ဆရာ ဆရာမများ၊ New Dynamic English သင်တန်း၌ သင်ကြားသင်ယူနေမှု၊ Language Lab ၌ ကျောင်းသားများ သင်ကြားလေ့ကျင့်နေမှု၊ သိပ္ပလက်တွေ့ခန်း၌ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးဘိုအေးတို့၏ ကျောင်းနှင့်ပတ်သက်၍ တင်ပြမှု အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်း၌ ၁၈၆၉ ခုနှစ်က မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော သံတဲကျောင်းဆောင်ကြီးကို ရှေးမူဟန်မပျက် ပြန်လည်ပြုပြင်ထားမှုနှင့် ရတနာဝပုံဓော်ပြခန်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အစည်းအဝေးခန်း၊ စာဖတ်ခန်း၊ ဘုရားခန်း ဖွဲ့စည်းထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောင်းအုပ်ဆရာမကြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် နိုဝင်ဘာ ဂုရက်တွင် အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့် ပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရိုးရှိုင်းများ လိုက်ပါလျက် စလေဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဓောတိကဓေ ဘဒ္ဒန္တ ဝိဇယအား ဖူးမြော်ကြည်ညိုကာ သင်ကြားရေးဆိုင်ရာ ကိစ္စများကို မေးမြန်းလျှောက်ထားပြီး လိုအပ်ချက်များကိုဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် ကျောင်းအတွက် ဗလာစာအုပ်နှင့် ခဲတံများကို လူဒါန်းပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုနေ့ကတ် ဝန်ကြီးသည် ဆရာ ဆရာမများအား တွေ့ဆုံ၍ လိုအပ်ချက်များကို မှာကြားကာ ဗလာစာအုပ်နှင့် ခဲတံများကို လူဒါန်းပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ် (၃) တွင် နဝေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို အောက်တိုဘာ ၁၈ရက်က ဖွင့်လှစ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးမြလှိုင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)**

## ဗဟာဇေယျအောင်စကြာစေတီတော် ရွှေထီးတော်တင်လှူပူဇော် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ပိုလ်ချုပ်ကြည်အောင်တက်ရောက်ကြည်ညိုခြင်း

**ရန်ကုန် နိုဝင်ဘာ ၉**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ်ရှိ ရေးဟောင်းသမိုင်းဝင် မဟာဇေယျအောင်စကြာစေတီတော်၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်ဝင်လှူမော်ပွဲနှင့် မမ္ဗာရ်ရေစက်ချမက်လာအခမ်းအနားကို နိုဝင်ဘာဂေရက် နံနက်ဂုနာရီခွဲတွင် အဆိုပါစေတီမမ္ဗာရ်ခွဲကျင်းပရာ ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္ဓ ဓောတိကဓေ ဘဒ္ဒန္တ ဝေပုလ္လ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း တိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ စစ်သည် မိသားစုဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနေ့ကတ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက သာသနာ့ရေးဆိုင်ရာများကို လျှောက်ထားသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း တိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အလှူရှင်များက ရေးဟောင်းသမိုင်းဝင် မဟာဇေယျအောင်စကြာစေတီတော်မြတ်ကြီးအားရည်စူး၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချအမျှဝေ

ယင်းနေ့ကတ် ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

### နံ.သာရည်ပဂ်ဗျန်း

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဗိုလ်မှူးချုပ်လှမင်းနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကာ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး အမွေးနံ.သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနေ့ကတ် ဆရာတော်၊ သံဃာတော်များက ဇယန္တီဘောဓိယာမူလေ အစရှိသော အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြပြီး ဇည်ပရိသတ်တို့က ဗုဒ္ဓသာသနာနှစ်ရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဝန်ကြီးနှင့် ဗိုလ်မှူးချုပ်လှမင်းတို့က ရတနာဂေါ်ရှိမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

အခမ်းအနားအပြီးတွင် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကမ္ဘာ့ဈေးကွက်

## ခရီးသွားပြင်းထန်ကျော်ကြားမှု

ရန်ကုန် နိုဝင်ဘာ ၉

**၂၀၀၄ခုနှစ် နိုဝင်ဘာ ၈ရက် မြန်မာစံတော်ချိန် ၂၂နာရီ ၃၀မိနစ် ၃၀စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေလျင်စခန်း၏ အရှေ့မြောက်ဘက် ၁၅၅၀မိုင်နှစ်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ရှိတာစကေး ၆ဒသမ၃အဆင့်ရှိ အင်အားပြင်းထန်သော မြေလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်းသိရသည်။**

## ဘာသာမည်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ ဘာသာမည်။**

## ခက်မောင်းဆီ ချေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲခဲ့ကြို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

## စမ်းချောင်းလမ်းတွင် ၁၀ရက်တရားစခန်းဖွင့်ပည်

**ရန်ကုန် နိုဝင်ဘာ ၉**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဘာဝနာမြင်သမထဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက နိုဝင်ဘာ ၁၅ ရက်မှ ၂၄ရက်အထိ နေ.စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီ အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ ဒုတိယလွှာတွင် မမ္ဘဒါန ပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်းသိရသည်။

(က-ပ)

# ဒေသရာသီဥတုနှင့်ကိုက်ညီသည့်သီးနှံများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက် စိုက်ခင်းရေအလုံအလောက်ရရှိရေး နှင့်ကွေ့ချောင်းမှမြစ်ရေတင်စနစ်ဖြင့် ထုတ်ယူသုံးစွဲ

ရန်ကုန် နိုဝင်ဘာ ၉

**ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် နိုဝင်ဘာ ၅ ရက်က မြစ်ကြီးနားမြို့နယ် ခန်းကွေ့ကျေးရွာရှိ ကချင်ပြည်နယ် ပြည်ထောင်စုကြီးမှူးရေး နှင့် ဖွံ့ဖြိုးရေးအသင်း၏ သီးနှံသစ်တော ရောနှောစိုက်ခင်း ၈က ၁၀၀ သို့ သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်၌ စိုက်ခင်းအတွင်း ပျားလိမ္မော်၊ ဆီထန်း နှင့် ထည့်ဝင်များ စိုက်ပျိုးထားရှိမှုများကို ပြည်နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံနှင့် တာဝန်ရှိသူများက မြေပုံ ကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

### မှာကြား

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် စိုက်ခင်းအတွင်းလည့်လည်ကြည့်ရှုပြီး ဝန်ကြီးက ဒေသ၏ ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံများကို ဒေသအနေအထားအရ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စိုက်ခင်းအတွင်းရေအလုံအလောက် ရရှိသုံးစွဲနိုင်ရန် နန်းကွေ့ချောင်းအတွင်းမှ မြစ်ရေတင်စနစ်ဖြင့် အသုံးပြုကာ ရေထုတ်ယူသုံးစွဲရေးကို စီမံဆောင်ရွက်ကြရန် မှာကြားသည်။

### ကြိုဆို

ကချင်ပြည်နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယကတိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၆ ရက်တွင် မြစ်ကြီးနားမြို့ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့( KBC)ရုံးသို့ ရောက်ရှိကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့အား နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ ဥက္ကဋ္ဌ ဦးကွမ်ရှင်းဘောက်နော့နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အသင်းတော်ပညာရေးဘော်ဒါခန်းမ၌ အသင်းတော်မှ တာဝန်ရှိသူများ၊ အသင်းတော်များ ပညာရေးဘော်ဒါဆောင်ကော်မတီမှ တာဝန်ရှိသူများ၊ ဘော်ဒါနေ ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဆန်၊ ဆီနှင့် ကုလားပဲအိတ်များကို ပေးအပ်လျှဒါန်းကြရာ အသင်းတော်မှ တာဝန်ရှိသူများက လက်ခံကြပြီး အသင်းတော်များပညာရေးဘော်ဒါကော်မတီ ဦးဇေါ်လူဆိုင်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

**အောက်တိုဘာ ၂၅ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာ ပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(၈ဟန်း ၃လမ်းမှတိုတိုင်အနီးတွင်) ဦးစိုးမိုးနိုင်-ဒေါ်ညီညီဝင်း၊ သား ကျော်သက်ဦး ကျော်ထက်ဦး၊ သမီး သီရိမေသွမ်သားစု အမှတ် ၂၀ ပျားရည်ကုန်းလမ်း တာမွေမြို့နယ်က အလှူတော်ဒွေကျေပွတစ်သိန်းကို ဦးစံမင်း(စာရင်းစစ်)သို့ ပေးအပ်လျှဒါန်းစဉ်။** (က-၀)

**တာမွေမြို့နယ် မီးသတ်ဦးစီးအရာရှိ ရဲသူမိန်သိန်းမြင့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်ဦးနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၆ ရက်က ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်သို့ မီးဘေးကြောင့် ကာကွယ်ရေးများ အရှိန်အဟုန်မြင့်တင် ကွင်းဆင်းစစ်ဆေး သတိပေးဆောင်ရွက်ခြင်းများကို တိုင်းမီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်သော စမ်းချောင်း၊ တောင်ဥက္ကလာ၊ ကျောက်တံတားဖြို့နယ်များမှ ဦးစီးအရာရှိများ ပါဝင်သောအဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။** (က-၀)

**နိုဝင်ဘာ ၆ရက်က ကချင်ပြည်နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ ကချင်ပြည်နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

# အင်းလျားကန်ဝန်းကျင်ခိမ်းလန်းခိုပြည်လှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု

## မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းစစ်ဆေး၊ ကန်ရေပြင်အစည်သန့်ရှင်းရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် နိုဝင်ဘာ ၉

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အင်းလျားကန်ရေပြင်သန့်ရှင်း ကြည်လင်စေရေး၊ ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လမ်းများအဆင့်မြှင့်ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**

### မှာကြား

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်သည် ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အင်းလျားကန်ရေပြင်သန့်ရှင်း ကြည်လင်စေရေး၊ ဒိုက်ပင်၊ မော်ပင်များ ကင်းရှင်းစေရေးအတွက် ဓလတ်မီဒိုက်ဖြတ်စက်ယန္တရားဖြင့် အင်းလျားကန်ရေပြင်၊ ကမ္ဘာ့အေးစေတီလမ်းနှင့် ပြည်လမ်းအကြား၌ ဒိုက်၊ မော်နှင့် မြက်များ ရှင်းလင်းနေမှုကိုလည်းကောင်း၊ ပြည်လမ်းဘက်အခြမ်း အင်းလျားကန်ပေါ် အမြင်တင့်တယ်လှပစေရေး၊ စိမ်းလန်းစိုပြည်စေရေးနှင့် လာရောက်အပန်းဖြေအနားယူ သူများ စိတ်ချမ်းမြေ့ စေရန်ဆောင်ရွက်ထားရှိမှုများ ကိုလည်းကောင်း၊ အင်းလျားကန် ရေဝေ ရေလဲ ဒေသ အစဉ်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အင်းလျားကန် ရေပြင်အစဉ် သန့်ရှင်းကြည်လင်စေရန် အထူးဂရုပြုဆောင်ရွက်ရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် အင်ဂျင်နီယာဌာန လမ်းနှင့်တံတားဌာနမှူး ဦးဗိုလ်ဌေးနှင့်အတူ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) အထူးတည်ဆောက်ရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အမှတ်(၄)လမ်းမကြီး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ကွန်ယျူတာတက္ကသိုလ် အဝင်လမ်းအထိ တစ်ဖက်လျှင် ကိုးပေအကျယ်တိုးချဲ့ပြီး ကျောက်ခင်းကတ္တရာလမ်းဆောင်ရွက်နေမှု၊ ရွှေပြည်သာတံတားလမ်း၊ ရွှေပြည်သာစက်မှုဗြို့၊ ဘုရင့်နောင်လမ်းထိပ်မှ ရွှေပြည်သာတံတားအထိ၊ လမ်းအပိုင်းကို ကျောက်ချောကတ္တရာခင်းလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှု၊ ကပ်တိုးများ ပြုပြင်နေမှု၊ လူသွားစင်္ကြံများ ပြုလုပ်နေမှုနှင့် လမ်းဘေးဝဲယာ စီမံလန်းစိုပြည် စေရေးဆောင်ရွက်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ မြို့တော်ဝန်သည် အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်ဆက်သွယ်သည့် ခရေပင်လမ်း အဆင့်မြှင့်ဆောင်ရွက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းများအတိုင်း လုပ်ငန်းတာဝန်ရှိသူများအား အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် စောတနာထားလုပ်ဆောင်ရေး၊ စနစ်တကျဖြင့် လုပ်ငန်းတိုးတက်မှုရှိရန် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်ကြည့်ရှုစစ်ဆေးရေး မှာကြားပြီး လုပ်ငန်းတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ ဟန္မိုင်းမြို့တွင်ကျင်းပမည့် တတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမြားပစ်အားကစား အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(သတင်းစဉ်)

# မြန်မာမြားပစ်အားကစားအဖွဲ့ ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ တတိယအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ ပါဝင်ဆင်နွှဲမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္မိုင်းမြို့တွင် နိုဝင်ဘာ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပမည့်၂၀၀၄ ခုနှစ် တတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာမြားပစ်အားကစားအဖွဲ့သည် ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

**အားကစားသမား ၁၅ ဦးပါဝင်**

အဆိုပါ မြန်မာမြားပစ်အားကစား အဖွဲ့တွင် ဣန္ဒြေအဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုဒိုလူကြီးအဖြစ် ဒေါက်တာမြတ်သူရစိုး (တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်)၊ အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးလုပ်ငန်း)၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဦးစသန်းဦး (အမှုဆောင်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်)တို့က ဆောင်ရွက်ပြီး အုပ်ချုပ်သူနှင့် နည်းပြဆရာများ၊ နည်းစနစ်အကြံပေး Mr. An Seung Burn နှင့် အမျိုးသား၊ အမျိုးသမီး မြားပစ်အားကစားသမား ၁၅ ဦးတို့ ပါဝင်သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် အာရှပတ်လည် မြားပစ်ပြိုင်ပွဲများ၌ ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၃ ခုနှစ် တို့တွင် အမျိုးသမီးအသင်းလိုက် ရွှေတံဆိပ်ဆု၊ အမျိုးသားတစ်ဦးချင်းနှင့်အသင်းလိုက် ငွေတံဆိပ်ဆု၊ ၂၀၀၄ ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း ရွှေတံဆိပ်ဆု၊ အမျိုးသားတစ်ဦးချင်းနှင့် အသင်းလိုက်တွင် တတိယ ကြေးတံဆိပ်ဆုများကို ဆွတ်ခူးခဲ့သည်။

**အောင်မြင်မှုရရေးရည်ရွယ်**

ယခုပြိုင်ပွဲတွင် ထည့်သွင်း ကျင်းပမည့် Compound ပြိုင်ပွဲသို့ မြန်မာမြားပစ်အားကစားအဖွဲ့ အနေဖြင့် ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့်(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ဣဒိုရီအဖြစ် လိုက်ပါသွားမည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားမည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့်ပြိုင်ပွဲသို့ လိုက်လံကြည့်ရှုအားပေးမည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဓော်ထွန်းတို့သည် ဩဂုတ်လ ၁၁ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။

(သတင်းစဉ်)

# ရဂင်းရှင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး သတင်းစာရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co.,Ltd. နှင့် Han Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၄ ခုနှစ် ဂရင်းရှင်ရယ် စပါယ်ရှင်ရိုဆာဗစ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Tournament 2004) ကျင်းပရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီက ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်**

ရေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၌ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က ဂရင်းရှင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အမှုဆောင်အရာရှိ ဦးချမ်းဟန်က ပြိုင်ပွဲကျင်းပမည့် ပုံစံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**မြို့ကြီးခြောက်မြို့**

၂၀၀၄ ခုနှစ် ဂရင်းရှင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၀၀၅ခုနှစ် မတ်၆ ရက်အထိ မြို့ကြီးလေးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။ Qualify Rounds ပွဲစဉ်များကို ရန်ကုန်၊မန္တလေး၊လားရှိုးနှင့် မြိတ်မြို့များ၌ ကျင်းပမည်ဖြစ်ပြီး တစ်မြို့ချင်း အလိုက်ဆုများကိုချီးမြှင့်မည်ဖြစ်သည်။

Final Round ပြိုင်ပွဲကို ၂၀၀၅ ခုနှစ် မတ် ၆ ရက်တွင် City Golf Resort (Yangon)၌ ကျင်းပမည်ဖြစ်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုများကို ထိုကိုထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက် အားကစားသမားများနှင့် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၅ ပါဝင်ယှဉ်ပြိုင်သူများ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိရကြောင်း သိရသည်။

၂၀၀၄ ခုနှစ် ဂရင်းရှင်ရယ် စပါယ်ရှယ်ရီဆာဗစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co-Sponsor များအဖြစ် Air Mandalay, Popa Aqua, Crusher Soda, Ping နှင့် Traders Hotel တို့က ဆောင်ရွက်ကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

**၂၀၀၄ ခုနှစ် ဂရင်းရှင်ရယ် စပါယ်ရှယ်ရီဆာဗစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

(က–ပ)

# ကမ္ဘာတစ်လွှား အားကစား

## ဒဗလျူအီအေစူပါဘင်တန်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲ ပြင်သစ်မှ မွန်ရှီးပါးသရဖူဆက်လက်ထိန်းသိမ်း

**ပဲရစ် နိုဝင်ဘာ ၉**

ကမ္ဘာ့လက်ဝှေ့အသင်း၏ စူပါဘင်တန်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

ယင်းလက်ဝှေ့ပြိုင်ပွဲတွင် ပြင်သစ်နိုင်ငံသား ကမ္ဘာ့ချန်ပီယံ မာဟိုင်ယာ မွန်ရှီးပါးနှင့် ထိုင်းနိုင်ငံသား ယုဒ်ခမ်ရောင်းစစ်ဟိုသောင်တို့ သူ့နိုင်ကိုယ်နိုင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

